ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (25-1-2008) (၅၇၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပူတာအိုဒေသသည် ကမ္ဘာလှည့်ခရီးသွားများနှစ်ခြိုက်သည့် သဘာဝအလှအပများဖြင့် ပြည့်စုံ ထိုဒေသကိုအခြေခံ၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးအပါအဝင် လိုအပ်ချက်များပြည့်စုံအောင် စုံစမ်းရှာဖွေ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ခန်းမ၌ ဝန်ကြီးချုပ်အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြစ်ကြီးနားလေဆိပ်နောက်ခံသမိုင်းနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့ရေးစီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် ကချင်ပြည်နယ် အင်ဂျင်နီယာမှူး ဦးခင်မောင်ကျော်တို့က လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က လေဆိပ်တိုးချဲ့ရေးစီမံကိန်းဆိုင်ရာ သိရှိလိုသည်များကို မေးမြန်း၍ စီမံကိန်းလုပ်ငန်းများကို စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးမှာကြားသည်။

မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်းမှာ မူလက အရှည်ပေ ၆၀၀၀ နှင့် အကျယ်ပေ ၁၀၀ ရှိရာမှ အရှည်ပေ ၇၀၀၀ နှင့် အကျယ်ပေ ၁၀၀ သို့ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဗလမင်းထင်တံတားသို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်က တည်ဆောက်ပြီးသည့် တံတားကြီးများကို ပုံမှန်စစ်ဆေးပြီး ကြံ့ခိုင်ရေးနှင့်လုံခြုံရေးတို့ကို စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့၏ တိုးတက်ဖွံ့ဖြိုးစည်ပင်သာယာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ပူတာအိုမြို့သို့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြေးမုံ The Mirror ယနေ့ သတင်း၊ဆောင်းပါးအညွှန်း

လမ်းဘေးဗုံးဒဏ်ခံနိုင်သည်ဆိုသော အမေရိကန် သံချပ်ကာကား ဗုံးထိခံရ၍ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ထိုင်း၊ အီရတ်၊ လက်ဘနွန်၊ အစ္စရေး၊ အမေရိကန် သတင်းများ — စာမျက်နှာ−၄၊၅

နာမည်ကြီးများ ရှုံးရသော ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၊ လီဗာပူးပိုင်ရှင်နှင့် အိမ်ခံပရိသတ်တို့၏ ပြဿနာ (အားကစားဆောင်းပါး) — စာမျက်နှာ−၁၀

မှုခင်းသတင်းများ — စာမျက်နှာ−၁၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၁-၂၀၀၈
(သောကြာနေ့)

တည်ငြိမ်အေးချမ်းသာယာရေး အလေးထား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်း

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော်တို့ ချစ်ခင်ရင်းနှီးစွာ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားများအားလုံးသည် မည်သည့်ဒေသတွင် နေထိုင်ကြသည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်နှင့် သမိုင်းအစဉ်အလာသည် ယနေ့တိုင် ခိုင်မာမြဲမြံဆဲဖြစ်သည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသအားလုံး လွှမ်းခြုံဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးနေသည်။ အထူးသဖြင့် နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ နယ်စပ်ဒေသ မြို့ရွာများ ခေတ်မီမြို့ပြအသွင် စည်ပင်ထွန်းကားနေပြီဖြစ်သည်။

သာဓကအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ဒေသသည် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် တစ်ခုအပါအဝင်ဖြစ်ရာ ပညာရေးနှင့် ကျန်းမာရေးအတွက် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံတို့ တည်ဆောက်ဖြည့်ဆည်း ပေးထားပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အမှီပြုဆက်သွယ် သွားလာခဲ့ရာမှ ယခုအခါ မန္တလေး-တကောင်း-ဗန်းမော် ကားလမ်းနှင့် မန္တလေး-လားရှိုး-ဗန်းမော် ကားလမ်းတို့ကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် ဗန်းမော်လေယာဉ်ကွင်းကို အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်လျက်ရှိရာ ဒေသခံပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလာသည်ကို တွေ့ရသည်။

ယင်းသို့ နယ်မြေဒေသများ ဖွံ့ဖြိုးစည်ပင်တိုးတက်နေခြင်း၏ အခြေခံသည် ငြိမ်းချမ်းသာယာခြင်းဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများ မပျက်ယွင်းစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် ပြည်သူအများ ပညာရည်မြင့်မားရေးတို့သည် ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် အခြေခံ လိုအပ်ချက်များဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းသာယာဖွံ့ဖြိုးခြင်း၏ အနှစ်သာရများကို အလေးထား ထိန်းသိမ်းပြီး နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ ဘက်စုံကဏ္ဍစုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တာမွေမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နံနက် ၆ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ်ရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့နယ်ရှိပန်းတျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာယာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိအမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန် အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့်ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင် သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ အရောင်းဆိုင်များ၊ ပုဂ္ဂလိကများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချို၊ ရေငန်ငါးမျိုးစုံ၊ နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စားသုံးသူပြည်သူများ စိတ်ချမ်းမြေ့စွာဝယ်ယူနိုင်ရေးအတွက်ပစ္စည်း စုံစုံလင်လင် တိုးတက်ရောင်းချရေး၊ စားသုံးသူများ၏ လက်ဝယ်သို့ဈေးနှုန်းသက်သာစွာဖြင့် မြန်မြန်ဆန်ဆန်ရောင်းချပေးရေး၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးများကို လွယ်လင့်တကူ တိုက်ရိုက်ဝယ်ယူနိုင်ရေးနှင့်အခွန်လွတ်ဈေးများအတွင်း သန့်ရှင်းသပ်ရပ်စေရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပါရဂူဘွဲ့ ရသူများနှင့် နိုင်ငံတော်အဆင့်ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၇ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (ဗဟန်း ၃ လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ခမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ၊ အသင်းသားများ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခံရသူများသည် ဖေဖော်ဝါရီ ၉ ရက် နောက်ဆုံးထား၍ ဦးစိုးညွန့်(ဦးစီးနာယက)၊ ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး)ဖုန်း-၆၆၄၆၀၇၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၂၅၀၀၊ ဦးကြိုင်မြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၃၇၁၅၆၃ နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀၃၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြကြောင်း သိရသည်။ (က-ပ)

ဆဋ္ဌမ နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့၏ ဆဋ္ဌမနှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် သံသုမာလမ်း မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်းနေ ဦးမြင့်၊ ဦးခင်မောင်လှ-ဒေါ်ခင်ကြည်ဌေး မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၂၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဒေါက်တာဦးလှမြင့် လက်ခံယူစဉ်။ (ကြေးမုံ)

အရှင်နန္ဒာသိရီ (ရေဦး) ဆရာတော်တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၄

မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက် မိုးကုတ်ရိပ်သာ ပုပ္ဖား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီသည် ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ အဖွဲ့ခွဲ(၄၇၉)၊ ဇိန်ဇွန်းရွာ ရေဦးမြို့၊ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ သမန်းရေကျော်စွာ မြောင်းမြမြို့၊ ဖေဖော်ဝါရီ၂၅ ရက်မှ မတ် ၂ ရက်အထိအဖွဲ့ခွဲ(၂၃၇)၊ မြောင်းတကာ မှော်ဘီမြို့၊ မတ် ၇ ရက်မှ ၁၃ ရက်အထိ သရက်ကုန်း စကားမြားရွာ မြောင်းမြမြို့၊ မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ဂရုံသာယာအေးရွာ သာယာဝတီမြို့တို့၌ တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၆၉၀၀၅၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကျောက်ဆည်မြို့ ပြည်လုံးနိုင်ရပ် လမ်း ၂၀ နေ ဦးမော်ကြီး-ဒေါ်မြသွေး၊ သား ကိုဇေယျာဦး-မခင်ချိုလင်းမိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားခြောက်ကျပ်သား သုံးပြားနှင့် ရွှေပြား တစ်ကျပ်ရှစ်ပဲသား တစ်ပြားအတွက် အလှူငွေကျပ် ၁၀၁၄၀၀၀၀ ကို ဇန်နဝါရီ ၂၂ ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမြသိန်းနှင့် ဒေါက်တာ တင်သိန်းလွင်တို့ လက်ခံယူစဉ်။ (က-ပ)

အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန် စာမေးပွဲတို့၌ အောင်မြင်ကြသည့် ပုဂ္ဂိုလ်များစာရင်းကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာ လိုက်သည်-

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်း

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းသဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၃)ပါး

၁။ ပလ္လင်အမှတ်(၁၅၂) အရှင်ဣန္ဒောဘာသလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ မဟာခေမိကာရာမ ရွှေကျင်ကျောင်းတိုက်၊ သန်လျင်မြို့နယ်၊ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ်(၁၅၇) အရှင်ပညိဿရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ ယင်းမာပင်မြို့နယ်၊စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ်(၁၅၈) အရှင်ဝိစိတ္တာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ(၄)ပါး

၁။ ပလ္လင်အမှတ်(၁၆၈) အရှင်ခေမာစာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။

၂။ ပလ္လင်အမှတ်(၁၇၉) အရှင်ဝါသေဋ္ဌ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ်(၁၈၄) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ပလ္လင်အမှတ်(၁၈၉) အရှင်ပညောဘာသာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၇)ပါး

၁။ ပလ္လင်အမှတ်(၂၀၄) အရှင်ဆန္ဒာနုတ္တရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ်(၂၀၇) အရှင်ပညာစက္က၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ်(၂၁၄) အရှင်မာဃိန္ဒ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ပလ္လင်အမှတ်(၂၁၇) အရှင်ဇနိန္ဒ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅။ ပလ္လင်အမှတ်(၂၂၉) အရှင်ဝဇိရပါဏီဘိဝံသ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ပလ္လင်အမှတ်(၂၃၀) အရှင်စန္ဒသိရီ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ်(၂၄၁) အရှင်ထေရဝံသ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

အာဂုံပြန်အောင်စာရင်း
အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်းငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက(၂)ပါး

၁။ ပလ္လင်အမှတ်(၂) အရှင်ဇဗ္ဗိလ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ၊ တိပိဋကကျောင်းတော်၊ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ်(၃) အရှင်စန္ဒန၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

(ဆက်လက်ဖော်ပြပါမည်)

ရန်ငြိုးမဖွဲ့သူ ရန်ငြိမ်း၏

ဤသူသည် ငါ့ကိုဆဲ၏။ ငါ့ကိုညှဉ်းပန်း၏။ ငါ့ကိုနိုင်၏။ ငါ၏ဥစ္စာကို ခိုး၏ ဟူ၍ စိတ်၌ အမျက်မထား၊ ရန်ငြိုးမဖွဲ့ကြသောသူတို့မှာ ရန်သည် အမြဲတမ်းငြိမ်းအေး ၍ ကောင်းကျိုးသုခကို ခံစားကြရ၏။ ကောင်းသောမိတ်ဆွေများကို ရကြကုန်လေ၏။

(ဓမ္မပဒ ၄)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မတူပီမြို့နယ် ဌာနပေါင်းစုံ လက်ဖက်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ချင်းပြည်နယ် မင်းတပ်နှင့် မတူပီမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

ချင်းပြည်နယ် မင်းတပ်မြို့တွင်ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီခွဲတွင် မင်းတပ်မြို့ တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး တပ်နယ် တောင်ဇလပ်လက်ဖက်ခြောက်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် တောင်ပုလု ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး တောင်ပုလု ပရိယတ္တိ-ပဋိပတ္တိတိုက်(ခွဲ) ပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသိရီအား ဖူးမြော်ကြည်ညိုကြ၍ ဗိုလ်ချုပ်ခင်ဇော်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမှတ်(၁) လူငယ်လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းတို့အတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁)လူငယ်လေ့ကျင့်ရေး သင်တန်းကျောင်း မင်းတပ်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်နှင့် မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ခင်ဇော်က ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့နယ် တွိဒိန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒအား ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်ခင်ဇော်က ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မင်းတပ်-မတူပီ ကားလမ်းဘေး ၀/ယာရှိ စိမ်းလန်းစိုပြည်နေမှုများ၊ လက်ဖက်စိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေနှင့် မတူပီမြို့နယ် ဌာနပေါင်းစုံ လက်ဖက်စိုက်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးသည်။

မတူပီမြို့နယ် ဌာနပေါင်းစုံလက်ဖက်ပျိုးခင်းတွင် ဌာနဆိုင်ရာ ၂၆ ခုတို့မှ မျိုးတင်း ၇၀၀ဖြင့် ပျိုးပင်ပေါင်း ၆၆၇၀၀၀ကျော် ပျိုးထောင်ထားကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မတူပီမြို့ ဝင်းသူဇာအရောင်းဆိုင်ခွဲ၊ မြို့နယ် ပြည်သူ့ဆေးရုံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မတူပီမြို့ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မတူပီမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားတွေ့ဆုံရာ ဗိုလ်ချုပ်ခင်ဇော်က ချင်းပြည်နယ်တွင် မြေလွတ်မြေရိုင်းများစွာရှိကြောင်း၊ ဒေသဝမ်းစာဖူလုံစေရေးအတွက် စိုက်ပျိုးမြေဧကများကို တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသစီးပွားရေး ကောင်းမွန်ရန် လက်ဖက်တိုးချဲ့စိုက်ပျိုးရမည် ဖြစ်ကြောင်းနှင့် နွားနောက်များကို ပိုမိုမွေးမြူကြရန် မှာကြားသည်။

မတူပီမြို့နယ်တွင် တောင်ယာစပါးနှင့် မိုးစပါး ၁၈၁၇၆ဧက လျာထားပြီး ဧက ၁၈၁၅၀ စိုက်ပျိုးနိုင်ကာ ဆီထွက်သီးနှံ ၁၄၀၇ ဧကလျာထားပြီး ၈၈၈ ဧက စိုက်ပျိုးနိုင်ကြောင်းနှင့် နွားနောက် ၇၇၃၃ ကောင် မွေးမြူထားကြောင်း သိရှိရသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် မတူပီတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲ ရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၁-၂၀၀၈) ရက်နေ့

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၀-၂-၂၀၀၈) ရက်နေ့နှင့် (၂၄-၂-၂၀၀၈) ရက်နေ့

အီဂျစ်နှင့် ဂါဇာဒေသကို ပိုင်းခြားကာရံထားသော တံတိုင်းကို ဖြိုချပြီးနောက် ပါလက်စတိုင်းပြည်သူများ အီဂျစ်နိုင်ငံတွင်းသို့ ဝင်ရောက်နေကြသည်ကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂါဇာဒေသသို့ ဆေးဝါးနှင့်လောင်စာပေးပို့ရန် အစ္စရေးက ထိန်းချုပ်ထားမှုကို အနည်းငယ်လျှော့ပေး

ဂျေရုဆလင် ဇန်နဝါရီ ၂၃

ဂါဇာကမ်းမြောင်ဒေသရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လိုအပ်နေသည့် ဒီဇယ်လောင်စာဆီ အနည်းအကျဉ်းနှင့် ဆေးဝါးပစ္စည်းများ ဖြန့်ဖြူးရန် ခွင့်ပြုသည့်အနေဖြင့် ဂါဇာကမ်းမြောင်တွင် အစ္စရေးတပ်ဖွဲ့က ထိန်းချုပ်ထားမှုကို အနည်းငယ် လျှော့ချပေးရန် အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က ဆုံးဖြတ်ထားကြောင်း ဒေသခံသတင်းဌာနက ဖော်ပြသည်။

ဘာရက်က တနင်္လာနေ့တွင် လုံခြုံရေးအရ အကဲဖြတ်ပြီး ယင်းသို့ ဆုံးဖြတ်ချက်ချလိုက်ခြင်း ဖြစ်သည်ဟု ဂျေရုဆလင်ပို့စ်သတင်းစာက ရေးသားသည်။

အီဂျစ်သမ္မတ ဟော့စနီမူဘာရက်က အစ္စရေးဝန်ကြီး ဘာရက်နှင့် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်တို့ထံသို့ ဖုန်းဖြင့် သီးခြားစီ ဆက်သွယ်ပြီး ဆွေးနွေးဖျန်ဖြေခဲ့ပြီးနောက် ဟားမတ်စ်ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားမှုအပေါ် အနည်းငယ် လျှော့ချခဲ့ခြင်းဖြစ်သည်။

အစ္စရေးအနေဖြင့် ဂါဇာကမ်းမြောင်တွင် လူမှုအကျပ်အတည်း ဖြစ်ပွားစေရန် ဖန်တီးလိုစိတ် မရှိကြောင်း၊ သို့ရာတွင် ပါလက်စတိုင်းများက အစ္စရေးနေထိုင်ရာ တောင်ပိုင်းမြို့များသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းကိုမူ ခွင့်ပြုမည်မဟုတ်ကြောင်း ဘာရက်က မူဘာရက်သို့ အာမခံပြောကြား ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှား၌ ရှစ်ထပ်အဆောက်အအုံပေါ်မှ ကားထိုးကျ

ဂျကာတာ ဇန်နဝါရီ ၂၃

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ရှစ်ထပ်အဆောက်အအုံအပေါ်ထပ်ရှိ ယာဉ်ရပ်စခန်းမှ ကားတစ်စီးသည် ဇန်နဝါရီ ၂၂ရက်က အောက်သို့ကျသွားရာ ကားပျက်စီးသွားပြီး ယာဉ်မောင်းသူ သေဆုံးသည်။

သေဆုံးသူယာဉ်မောင်းသည် ၎င်း၏အလုပ်ရှင်ကို စက်နိုးထားသော ယာဉ်ပေါ်မှ စောင့်ဆိုင်းနေခိုက် အိပ်ပျော်သွားပြီး မော်တော်ယာဉ်၏လီဗာကို နင်းမိသဖြင့် ယင်းသို့ဖြစ်ပွားရခြင်းဖြစ်သည်။

အလားတူပင် လွန်ခဲ့သည့်နှစ်ကလည်း ဂျကာတာမြို့တောင်ပိုင်းရှိ အဆင့်မြင့်ဈေးကြီး၏ ခြောက်ထပ်ယာဉ်ရပ်နားစခန်းမှ ကားတစ်စီး အောက်သို့ ပြုတ်ကျမှု ဖြစ်ပွားခဲ့ပြီး ကားပေါ်ပါ မိသားစုသုံးဦး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝအန္တရာယ်များ ပိုမိုကျရောက် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ထုတ်ဖော်ပြောကြား

ဂျီနီဗာ ဇန်နဝါရီ ၂၃

ရာသီဥတုပြောင်းလဲမှုကြောင့်ပြည်သူအများအပြားအတွက် ရေသန့်နှင့် စားနပ်ရိက္ခာရရှိရန်ခက်ခဲနေပြီးငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကျယ်ပြန့်စွာ ကူးစက်ပြန့်ပွားနေကြောင်းနိုင်ငံတကာကြက်ခြေနီအဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

ကမ္ဘာကြီးပူနွေးမှုကြောင့် ပေါ်ပေါက်လာသည့် အန္တရာယ်များကို ကျားကန်နိုင်ရေးအတွက် အထောက်အကူပြုသည့် အနေဖြင့် ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၉၂ သန်း လှူဒါန်းနိုင်ရန် နိုင်ငံတကာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီ ကြက်ခြေနီအသင်းတို့က လှုံ့ဆော်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုသည် မော်တော်ယာဉ်များ၊ စက်ရုံများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်သည့် ကာဗွန်ဓာတ်ငွေ့များနှင့် ဆက်နွယ်မှုရှိသည်ဟု သိပ္ပံပညာရှင်များက ယူဆထားသည်။ ယင်းသို့ ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာမှုဆိုးကျိုးများကို အများဆုံးခံရသည့်နိုင်ငံများသို့ အကူအညီတိုးမြှင့်ပေးရန် မဟာဗျူဟာချမှတ်သော ညီလာခံတစ်ရပ်ကို နိုဝင်ဘာလအတွင်းက ကျင်းပခဲ့ရာ ကမ္ဘာတစ်ဝန်းရှိ ကြက်ခြေနီအဖွဲ့၊ လခြမ်းနီကြက်ခြေနီအဖွဲ့ ၁၈၆ ဖွဲ့က ကတိကဝတ်ပြုခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် ဘေးအန္တရာယ်လျော့ပေါ့ရေး ကြိုတင်ပြင်ဆင်မှုများ မြှင့်တင်ဆောင်ရွက်ရန် ကိစ္စကိုလည်း သဘောတူညီခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ။**

ကြေးမုံ The Mirror နိုင်ငံတကာရေးရာ သတင်းများ

ကင်ညာပြည်တွင်းရေး မတည်ငြိမ်မှုကြောင့် မာရသွန်အားကစားသမားတစ်ဦး သေဆုံးရ

နိုင်ရိုဘီ ဇန်နဝါရီ ၂၄

အရှေ့အာဖရိကဒေသရှိ ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲလွန်ကာလတွင် ဖြစ်ပွားသော ဆူပူမှုကြောင့် ကင်ညာနိုင်ငံ မာရသွန်အားကစားသမား ဝီစလီနဂီတချ် သေဆုံးသွားခဲ့သည်။၎င်းသည် အဆိပ်လူးမြားထိမှန်၍ သေဆုံးခဲ့ခြင်းဖြစ်ပြီး ကင်ညာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အားကစားသမားများတွင် ဒုတိယမြောက်သေဆုံးခဲ့သူဖြစ်ကြောင်း သိရသည်။

နဂီတချ် သေဆုံးမှုသည် ၎င်း၏ မန်နေဂျာပြောပြချက်အရ သိရှိရပြီး လွန်စွာ ဝမ်းနည်းမှုဖြစ်ရကြောင်း ကင်ညာနိုင်ငံ ပြေးခုန်ပစ်အားကစားအဖွဲ့မှ အတွင်းရေးမှူး ဒေးဗစ်အိုကီရိုကရိုက်တာသတင်းဌာနသို့ ဇန်နဝါရီ ၂၂ရက်က ပြောကြားသည်။

နဂီတချ် သေဆုံးသည့်နေရာသည် ကမ္ဘာ့အကျော်ကြားဆုံး မာဆိုင်မာရာ ဘေးမဲ့တောအစပ်ရှိ ထရန်စ်မာရာမြို့ဖြစ်သည်။ ထိုမြို့သည် ၎င်း၏ မွေးရပ်ဌာနေမြို့ဖြစ်သည်။

နဂီတချ်သည် အသက်(၂၄)နှစ် ရှိပြီး လာမည့်သီတင်းပတ်များတွင် အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့် တာဝေးအပြေးပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် အစီအစဉ်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေသည်ကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးဂျာစီပြည်နယ်၌ မီးလောင်မှုဖြစ်ပွား

ဝါရှင်တန် ဇန်နဝါရီ ၂၃

နယူးဂျာစီပြည်နယ်ရှိ လူနေအဆောက်အအုံတစ်ခုတွင် ဇန်နဝါရီ ၂၁ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး အိမ်ထောင်စု ၁၈စုမှာ နေအိမ်များ စွန့်ခွာပြေးခဲ့ရကြောင်း ရုပ်မြင်သံကြားသတင်း၌ ဖော်ပြထားသည်။ ထိုမီးလောင်မှုကြောင့် လူမည်ရွေ့မည်မျှ သေကြေဒဏ်ရာရရှိကြောင်းကို မသိရှိသေးပေ။နီဝါ့ခ်ဒေသရှိ အထပ်မြင့်အဆောက်အအုံကို မီးလောင်ပြီးနောက် အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများသို့ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း ဒလျူအေဘီစီ ရုပ်မြင်သံကြားက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

လမ်းဘေးမိုင်းဒဏ်ခံနိုင်သည်ဆိုသော အမေရိကန်သံချပ်ကာကား ပုံးထိမှန်ခံရ၍ တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အမေရိကန်မှ အီရတ်သို့ အသစ်ပို့လိုက်သည့် လမ်းဘေးထောင်ဗုံးကို ခံနိုင်ရည်ရှိသည်ဆိုသော သံချပ်ကာကားဖြင့် တာဝန်ထမ်းဆောင်စဉ် ပထမဦးဆုံး သေဆုံးမှုတစ်ခု မကြာသေးမီက ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်တပ်က ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာသည်။

ထိုအဖြစ်အပျက်သည် ဘဂ္ဂဒက်တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်ရှိ အာရပ်ဂျာဗားအရပ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ မိုင်းဗုံးဒဏ်ခံနိုင်သည်ဆိုသောယာဉ်ကို အမ်အာအေပီသံချပ်ကာကားဟု အတိုကောက်ခေါ်ဝေါ်သည်။ ထိုသံချပ်ကာကားဖြင့် တာဝန်ထမ်းဆောင်နေစဉ် ဗုံးပေါက်ကွဲသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်ဟု အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဝင်းဖီးလ်ဒန်နရယ်စင်က ပြောကြားသည်။

လက်ရှိအခြေအနေတွင် အမေရိကန်တပ်ဖွဲ့များသည် မိုင်းဗုံးဒဏ်ကို ကောင်းစွာ အကာအကွယ်မပေးနိုင်သည့် ဟမ်းဘီးကင်းလှည့်ယာဉ်များအစား အမ်အာအေပီ သံချပ်ကာယာဉ် ၁၅၀၀ ကို အသုံးပြုလျက်ရှိသည်။

လမ်းဘေးထောင်ဗုံးများသည် အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်တပ်ဖွဲ့များကို အများဆုံး ထိခိုက်သေကျေစေသောလက်နက်ဖြစ်သည်။ ထိုလက်နက်ကို ကာကွယ်ရန်အတွက် အမေရိကန်တပ်ဖွဲ့များသည် အမ်အာအေပီ သံချပ်ကာကားများကို အစားထိုးသုံးစွဲခြင်းဖြစ်သည်။

ယခုအခါ၌ အီရတ်စစ်ပွဲ စတင်ကတည်းက ထိုစစ်မြေပြင်၌ သေဆုံးရသူ အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်းသည် ၃၉၂၉ ဦးရှိသွားပြီဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

တရုတ်အရှေ့ပိုင်း၌ ဘတ်စ်ကားတိမ်းမှောက် ၁၁ ဦးသေဆုံး၊ ၅၁ ဦးဒဏ်ရာရရှိ

တီမီ ဇန်နဝါရီ ၂၂

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် ဇန်နဝါရီ ၂၀ ရက်က အဝေးပြေးလမ်းမ၌ ဘတ်စ်ကားတစ်စီး တိမ်းမှောက်ရာ လူ ၁၁ ဦးထက်မနည်း သေဆုံးပြီး ၅၁ ဦးဒဏ်ရာရရှိကြောင်း ဒေသ ဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

မင်ဂူအန်မြို့ အမှတ်-၁၀၄ အဝေးပြေးလမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၂၀ရက် ည ၁၁ နာရီက အဆိုပါ ယာဉ်တိမ်းမှောက်မှု ဖြစ်ခဲ့သည်။

ခရီးသည် ၇၂ ဦး လိုက်ပါလာသည့် ဘတ်စ်ကားသည် မျက်နှာချင်းဆိုင်မှ လာသည့် ကားကိုရှောင်တိမ်းလိုက်စဉ် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားသည်။ ကားပေါ်၌ ခရီးသည်ဦးရေ ၂၁ ဦး ပိုမိုတင်ဆောင်ထား သည်။ခုနစ်ဦးမှာ နေရာတွင်ပင်သေဆုံးခဲ့ပြီး လေးဦးမှာ ဆေးရုံ၌သေဆုံးခဲ့ရသည်ဟု ပြည်နယ်ယာဉ်ထိန်းရဲဌာနမှ တာဝန်ရှိသူ လီက ပြောကြားသည်။

ထိုခရီးသည်များအနက် အများစုမှာ အလုပ်သမားများ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်၌ရေကြီးမှု သတိပေးချက်ထုတ်ပြန်

လန်ဒန် ဇန်နဝါရီ ၂၃

ဗြိတိန်နိုင်ငံတွင် ထူးကဲစွာ ရေလွှမ်းမိုးမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့ကြောင်း၊ နေရာအနှံ့အပြားတွင်လည်း သတိပေးချက်များကို ဇန်နဝါရီ ၂၁ရက်တွင် ထုတ်ပြန်ခဲ့သည်။

အနောက်ရှော့ခ်ရှိုင်ယားဒေသ ဆီလ်ဒန်အရပ်ရှိ စက်ရုံမှ လုပ်သား ၁၀၀ခန့်ကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့သည်။ မြို့တွင် ရေတက်လာပုံကို ရုပ်သံက ထုတ်လွှင့်ပြသသည်။ အီလန်ဒေသကမ်းနားဘေးရှိ ကလေးထိန်းကျောင်း၏ အောက်ထပ်ကို ရေဝင်ရောက်လာရာ ကလေး ၆၀ခန့်ကို မီးသတ်ဌာနသို့ ရွှေ့ပြောင်းထားခဲ့ရသည်။

ကိုလ်နီ၊ကယ်ဒါနှင့်အေရီမြစ်ရေတက်ပြီး ကမ်းပါးကျိုးပေါက်နိုင်သဖြင့် စိုးရိမ်ပူပန်လျက်ရှိသည်။ ပတ်ဝန်းကျင်ဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့ကလည်း ဝါကီမိဒ်နှင့် စကတ်ဒွန်ဒေသတို့တွင် ရေကြီးမှု သတိပေး ချက်ထုတ်ပြန်ထားသည်။ အင်္ဂလန်အနောက်ပိုင်းဒေသများ အထူးသဖြင့် ဂလိုဆက်တာရှိုင်ယားတွင်လည်း ရေကြီးမှု သတိပေးချက်ထုတ်ပြန်ထားပြီး အချို့ဒေသများသည် ခြောက်လတာကာလအတွင်း ဒုတိယအကြိမ်ရေလွှမ်းမှု ဖြစ်နိုင်ချေရှိကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ထိုင်း ပီပီပီပါတီမှ ယောင်ယုအား အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်

ဗန်ကောက် ဇန်နဝါရီ ၂၄

ထိုင်းပြည်သူ့အာဏာပါတီ(ပီပီပီ)က ယောင်ယုတီယာပိုင်ရတ်အား ဇန်နဝါရီ ၂၂ ရက်တွင် ပထမဆုံး ကျင်းပသည့် ပါလီမန်အစည်းအဝေးက အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ယောင်ယုသည် ပီပီပီ ဒုတိယခေါင်းဆောင်ဟောင်းဖြစ်သည်။ ၎င်းသည် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ၃၀၇ မဲဖြင့် အနိုင်ရပြီး ရွေးချယ်ခံရခြင်းဖြစ်သည်။ ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီမှ ဘန်ရပ်ဘန်တက်တန်က ၁၆၇ မဲသာရရှိခဲ့သည်။ ယင်းတို့အား ဒီဇင်ဘာ ၂၃ ရက်က ရွေးကောက်ပွဲတွင်အနိုင်ရရှိသော ရွေးကောက်တင်မြှောက်ထားသည့် အမတ်များက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

သဘောတူညီ

ပီပီပီ ပါတီ၏ အမှုဆောင်များက ယောင်ယုအား အောက်လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် ရွေးချယ်ရန် ဇန်နဝါရီ ၂၁ ရက်က သဘောတူညီခဲ့ကြသည်။ ပီပီပီ ပါတီ၏ ညွန့်ပေါင်းပါတီ ငါးပါတီကလည်း ယင်းရာထူးနေရာများအတွက် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် သဘောတူညီခဲ့ကြသည်။

အောက်လွှတ်တော်မှ ဇန်နဝါရီ ၂၅ ရက်တွင် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ဘနွန်သို့ စားနပ်ရိက္ခာပို့ဆောင်မှုကို ဆီးရီးယားအစိုးရက ရပ်ဆိုင်း

ဘေရွတ် ဇန်နဝါရီ ၂၄

ဆီးရီးယားအစိုးရမှ လက်ဘနွန်နိုင်ငံသို့ စားနပ်ရိက္ခာဖြည့်ဆည်းပေးမှုကို ရပ်ဆိုင်းလိုက်ကြောင်း ဒေသခံ အန်နဟာသတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

လက်ဘနွန်နိုင်ငံ အတွင်းသို့ ဖြတ်သန်းသွားလာနေပြီး စားနပ်ရိက္ခာသယ်ယူနေသည့် ထရပ်ယာဉ်နှင့် အခြားမော်တော်ယာဉ်များအား တနင်္လာနေ့ညနေ ၆နာရီမှစတင်၍ ပစ္စည်းများသယ်ယူခွင့်မပြုနိုင်စေရန် နယ်စပ်ရှိ စစ်ဆေးရေးဂိတ်အသီးသီးအား ဆီးရီးယားအကောက်ခွန်ဌာနမှ အာဏာပိုင်များက အကြောင်းကြားထားသည်။

လက်ဘနွန်အာဏာပိုင်များက ဆီးရီးယားနိုင်ငံ၏ ရုတ်တရက်ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားချက်မရခဲ့ကြောင်း အဆိုပါ သတင်းစာက ရေးသားသည်။ သို့ရာတွင် ယင်းလုပ်ရပ်သည် ဘေရွတ်မြို့တွင် တနင်္လာနေ့ညက ဆန္ဒပြမှုများပေါ်ပေါက်ခဲ့မှုနှင့် တိုက်ဆိုင်ဖွယ်ရှိသည်ဟုသတင်းစာကရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒါဖာသောင်းကျန်းသူများ အစိုးရလေယာဉ်ကို ပစ်ချ

ခါတွန် ဇန်နဝါရီ ၂၄

ဆူဒန်နိုင်ငံ ဒါဖာအနောက်ပိုင်း၌ ဗုံးကြဲတိုက်ခိုက်သော အစိုးရလေယာဉ်တစ်စင်းကို မြေပြင်မှပစ်ချနိုင်ခဲ့ကြောင်း ဒါဖာသောင်းကျန်းသူများက ဇန်နဝါရီ ၂၁ရက်တွင် ပြောကြားသည်။

အဆိုပါဒေသတွင် ငါးနှစ်နီးပါးကြာ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ လူပေါင်း ၂၀၀၀၀၀ ခန့် သေဆုံးခဲ့ရကြောင်း၊ ဆူဒန်အစိုးရက သောင်းကျန်းသူများ၏ ခြိမ်းခြောက်မှုကို ခံနေရကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ပစ်ချခံရသည့် လေယာဉ်သည် အမ်အိုင်ဂျီ-၂၉ ဖြစ်ကြောင်း သောင်းကျန်းသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာရေးရာ သတင်းများ

ကယ်လီဖိုးနီးယား အခြေခံသမ္မတလောင်းရွေးပွဲတွင် မက်ကိန်းက ဂူလီယာနီထက် အသာရနိုင်ခြေရှိ

ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၂၄

ကယ်လီဖိုးနီးယားပြည်နယ်တွင် အကြိုအခြေခံ သမ္မတလောင်းရွေးချယ်ပွဲမစတင်မီ ပြည်သူ့သဘောထား အခြေအနေ ဆန်းစစ်မှုကို ဖီးလ်သဘောထားလေ့လာရေးလုပ်ငန်းက ပြုလုပ်ခဲ့သည်။ ထိုလေ့လာမှုရလဒ်အရ ရီပတ်ဘလီကန်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မည့်၊ သမ္မတလောင်းအရွေးချယ်ခံမည့် ပုဂ္ဂိုလ်များအနက် ဂျွန်မက်ကိန်းသည် ရှေ့ဆုံးမှပြေးနေပြီး ပြိုင်ဘက် ရူဒီဂူလီယာနီမှာ လူကြိုက်နည်းပါးသွားကြောင်း တွေ့ရသည်ဟု ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သော အစီရင်ခံချက်၌ ဖော်ပြထားသည်။

ဆီးနိတ်တာမက်ကိန်းသည် အရီဇိုးနားပြည်နယ် ကိုယ်စားလှယ်ဖြစ်သည်။ ဂူလီယာနီသည် နယူးယောက်မြို့တော်ဝန်ဟောင်းဖြစ်သည်။ ယခင်လက ပြုလုပ်ခဲ့သော သမ္မတလောင်း အကြို အခြေခံရွေးပွဲများတွင် မဲဆန္ဒနယ်အများအပြား၌ ဂူလီယာနီက ဦးဆောင်နေခဲ့သည်။ များသောအားဖြင့် ထိုဒေသများတွင် ဂူလီယာနီအပေါ် ထောက်ခံမှုသည် ၂၅ ရာခိုင်နှုန်း အထက်တွင်ရှိသည်။ ကယ်လီဖိုးနီးယားပြည်နယ်၌မူ ၎င်းအားထောက်ခံမှုသည် ၁၁ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။



အရီဇိုးနားပြည်နယ် ဆီးနိတ် အမတ် ဂျွန်မက်ကိန်း။

ရီပတ်ဘလီကန်ပါတီ သမ္မတလောင်းရွေးပွဲ၌ အာကင်းဆက်ပြည်နယ်မှ အုပ်ချုပ်ရေးမှူး မိုက်ဟာကာဘီသည် ဝင်ရောက်ယှဉ်ပြိုင်သူတစ်ဦးဖြစ်သည်။ ၎င်းသည် အရီဇိုးနားပြည်နယ်တွင် ထောက်ခံမှု ၁၁ ရာခိုင်နှုန်းသာ ရရှိသည်။

ဖီးလ်ပြည်သူ့သဘောထား ကောက်ယူရေးလုပ်ငန်းက ရီပတ်ဘလီကန်ပါတီကို ဆန္ဒမဲပေးမည့်သူ ၃၇၇ ဦးကို သဘောထားမေးမြန်းခဲ့သည်။ ထိုသို့ မေးမြန်းရာ၌ ၂၂ ရာခိုင်နှုန်းက မက်ကိန်းကို ထောက်ခံကြောင်း၊ ၁၈ ရာခိုင်နှုန်းက မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ်ရွမ်နေးကို ထောက်ခံကြောင်း ဖြေကြားခဲ့ကြသည်။

ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းရွေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ နယူးယောက် မြို့တော်ဝန်ဟောင်း ရူဒီဂူလီယာနီ။



ထိုပြည်သူ့သဘောထား စစ်တမ်းကို ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အတွင်း ကောက်ခံခဲ့ခြင်းဖြစ်သည်။ ထိုစစ်တမ်း၏ မှားယွင်းနိုင်သည့် စံထိန်းချက်သည် ၅ ရာခိုင်နှုန်းရှိသည်။

အမ်အင်အေ၊ရိုက်တာ။

သီရိလင်္ကာတွင် ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်း၍ရမည် မဟုတ်ဟုဆို

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းသို့ စစ်ကူသွားရောက်နေသော တပ်ဖွဲ့အချို့ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘို ဇန်နဝါရီ ၂၄

သီရိလင်္ကာအစိုးရသည် တမီကျားသူပုန်များနှင့် ရယူထားသည့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို တစ်ဖက်သတ် ရပ်ဆိုင်းလိုက်ခြင်းမှာ ပဋိပက္ခကို စစ်ရေးနည်းသက်သက်ဖြင့် ဖြေရှင်းရန်ဆောင်ရွက်လိုက်ခြင်းမဟုတ်ကြောင်း၊ သီရိလင်္ကာ အစိုးရအနေဖြင့် နိုင်ငံရေးနည်းလမ်းမပါဘဲ စစ်ရေးနည်းသက်သက်ဖြင့် ပဋိပက္ခများကို ဖြေရှင်းနိုင်လိမ့်မည်ဟု မယုံကြည်ကြောင်း သမ္မတ မဟိန္ဒရာဂျာပက်ခ်စီက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲကို အစောင့်အကြပ် ထူထပ်စွာချထားသော အစိုးရဂေဟာတွင် ပြုလုပ်ခဲ့သည်။ ယင်းသတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း ပြည်ပ သတင်းထောက်အများအပြား တက်ရောက်ခဲ့ကြသည်။

လေ့လာစောင့်ကြည့်

တမီအီလန်ကျားသူပုန်များနှင့် သီရိလင်္ကာအစိုးရတို့အကြား အပစ်အခတ် ရပ်စဲရေးကို နော်ဝေးနိုင်ငံမှ ကြားဝင်ဖျန်ဖြေပေးသူများ၏ အကူအညီဖြင့် ၂၀၀၂ ခုနှစ်တွင် ရရှိခဲ့သည်။ ထို့နောက်ပိုင်းတွင် ကျားသူပုန်များ၏ အပြုအမူကို အစိုးရက နှစ်နှစ်တိုင်တိုင် လေ့လာစောင့်ကြည့်ခဲ့သည်ဟု ဆိုသည်။

ကျားသူပုန်များသည် ပြည်သူများအား သတ်ဖြတ်မှုများ ကျူးလွန်လာသဖြင့် အစိုးရအနေဖြင့် တစ်စုံတစ်ရာအရေးယူရန် လိုအပ်လာသည်။ ထိုလိုအပ်ချက်ကြောင့် တမီသူပုန်များနှင့် ရထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို သီရိလင်္ကာအစိုးရက ဇန်နဝါရီ ၁၆ ရက်တွင် ဖျက်သိမ်းလိုက်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ပြောကြား

သီရိလင်္ကာပြဿနာကို ဖြေရှင်းရန် နိုင်ငံ၏အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် စီစဉ်လျက်ရှိသည်။ အခြေခံဥပဒေသစ်တွင် ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုကို လျှော့ချပြီး ပြည်နယ်များ၏ လုပ်ပိုင်ခွင့်ကို ပိုမိုပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်ကြောင်း သီရိလင်္ကာသမ္မတက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရေးယူ ကန့်သတ်မှုအသစ်များ ချမှတ်ခြင်းဖြင့် နျူကလီးယားအစီအစဉ် ရပ်ဆိုင်းစေမည်မဟုတ်ဟု အီရန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၂၄

နိုင်ငံတကာက အီရန်နိုင်ငံအပေါ် အရေးယူကန့်သတ်မှုအသစ်များ ထပ်မံပြုလုပ်မှုက အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ဖော်ဆောင်မှုရပ်ဆိုင်းစေမည်မဟုတ်ကြောင်း အီရန်က အင်္ဂါနေ့တွင် ပြောကြားသည်။

ပြောကြား

အီရန်နိုင်ငံက ဥပဒေနှင့် ညီညွတ်ပြီး တရားဝင် အခွင့်အရေးမူဘောင်အတွင်းမှ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အရေးယူကန့်သတ်မှုအသစ်များ ချမှတ်ခြင်းဖြင့် အီရန်နိုင်ငံ၏ အခြေအနေ ပြောင်းလဲနိုင်မည် မဟုတ်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ ဂိုလမ်ဟော့စိန်အယ်လ်ဟမ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အီရန်နိုင်ငံက ယူရေနီယံသန့်စင်မှုလုပ်ငန်းရပ်ဆိုင်းရန် ငြင်းဆန်မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တတိယအကြိမ်မြောက် အရေးယူကန့်သတ်မှုကို အထင်ကရ အင်အားကြီးနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ အီရန်က ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ အရှေ့မြောက်ဘက် ဘာကူဘာမြို့တွင် အကြမ်းဖက်မှုတွင် ပါဝင်သည်ဟု သံသယရှိသူများအား ဖမ်းဆီးထားသည်ကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ ကျင်းပရာ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရေးနှင့် ညစာစားပွဲ တည်ခင်းရေးကိစ္စများကို ရေးဆွဲထားသည့် စီမံချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရေးနှင့် လုပ်ငန်းဆပ်ကော်မတီဝင်များအနေဖြင့် လုပ်ငန်းအတွေ့အကြုံရှိသူများဖြစ်သဖြင့် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အဘက်ဘက်က ပြည့်စုံအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာ ရွေးပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

သတင်းနှင့်ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ကို ၁၉၉၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီးနောက်ပိုင်းတွင် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယခု ၂၀၀၈ ခုနှစ်တွင်လည်း မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကြီးမှူးကာ ကယ်ဆမ်ကွေကာ MDG Co., Ltd ၏ ပံ့ပိုးကူညီမှုဖြင့် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ ဇန်နဝါရီ ၂၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ယှဉ်ပြိုင်တော့မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မောင်မြန်မာ(အကြီးတန်း)၊ မောင်မြန်မာ(အငယ်တန်း)နှင့် မယ်မြန်မာ (အလွတ်တန်း)ပြိုင်ပွဲများပါဝင်ပြီး မောင်မြန်မာ(အကြီးတန်း) ပြိုင်ပွဲအတွက် အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြိုင်ပွဲများတွင် ပထမရရှိသူများနှင့် နိုင်ငံလက်ရွေးစင် ကာယဗလသမားများပါ မကျန် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မောင်မြန်မာ (အငယ်တန်း)ပြိုင်ပွဲတွင် အဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သော မောင်မြန်မာ(အကြီးတန်း)ပြိုင်ပွဲများ၊ အိုလံပစ်နေ့ အထိမ်းအမှတ် အကြီးတန်းမောင်ပြိုင်ပွဲများ၊ (ကြည်း၊ ရေ၊လေ) မောင်အကြီးတန်း တံခွန်စိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိပြီးသူများ၊ မောင်မြန်မာ(အငယ်တန်း)ပြိုင်ပွဲတွင် ပထမရရှိခဲ့ဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုပေ။ မယ်မြန်မာ(အလွတ်တန်း)ပြိုင်ပွဲတွင် အဖွဲ့ချုပ်မှ ချမှတ်ထားသော ကာယအလှမယ်ဝတ်စုံအပြင် မြန်မာ့ယဉ်ကျေးမှုနှင့် မဆန့်ကျင်သော ခေတ်ပေါ်ဝတ်စုံနှင့်လည်း ယှဉ်ပြိုင်စေမှာဖြစ်ပြီး အရပ်ငါးပေသုံးလက်မနှင့် အထက်၊ အသက် (၁၆)နှစ်မှ (၃၀)အတွင်းဖြစ်ကာ အိမ်ထောင်မရှိသူ(အပျို) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ယနေ့ ဇန်နဝါရီ ၂၄ရက်တွင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အားကစားလေ့ကျင့်ရေးစခန်း(မင်္ဂလာတောင်ညွန့်)တွင် ကာယအလှမယ်များအား ကြိုတင်၍ ခန္ဓာကိုယ်အချိုးအစား

မယ်မြန်မာပြိုင်ပွဲဝင်မည့် ကာယအလှမယ်တစ်ဦး ကိရိယာမဲ့ လေ့ကျင့်ခန်း ပြုလုပ်နေသည်ကို တွေ့ရစဉ်။

ကာယဗလမောင်(အကြီးတန်း)တွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အောင်ခိုင်ဝင်း လေ့ကျင့်နေစဉ်။

တိုင်းတာခြင်း၊ အသားအရေစစ်ဆေးခြင်းနှင့် အသက်စစ်ဆေးခြင်းတို့ကို ပြုလုပ်သည်။ ကာယဗလမောင်ပြိုင်ပွဲဝင်များကို အကြီးတန်း၊ အငယ်တန်း အတန်းခွဲခြားခြင်း၊ မှတ်ပုံတင်စစ်ဆေးခြင်းများကို ပြုလုပ်သည်။ ကာယအလှမယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် မယ်မြန်မာလောင်းများ၏ အမည်စာရင်းမှာ ခါးနံပါတ်(၁) ခင်စန္ဒာမြင့်၊ (၂) အေးချမ်းမိုး၊ (၃) ဟေမာစိုးဝင်း၊ (၄) ခင်သက်မွန်ဝင်း၊ (၅) ဝင့်နဒီကျော်၊ (၆) အေးထွဋ်သိမ့်၊ (၇)စုစုစံ၊ (၈) ငုဝါခိုင်၊ (၉) ဝတ်ရည်ဖြိုး၊ (၁၀) နှင်းဝေဝေလှိုင်တို့ဖြစ်ကြောင်း သိရသည်။ ဆုကြေးငွေများအဖြစ် ပထမကျပ်သုံးသိန်း၊ ဒုတိယ နှစ်သိန်း၊ တတိယ တစ်သိန်းငါးသောင်း၊ စတုတ္ထ တစ်သိန်း၊ ပဉ္စမ ရှစ်သောင်း၊ ဆဋ္ဌမ ခုနစ်သောင်းဖြစ်ပြီး ကျန်လေးဦးကို လေးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

မောင်မြန်မာ(အကြီးတန်း)တွင် စုစုပေါင်းခြောက်ဦး ယှဉ်ပြိုင်မည်ဖြစ်သည်။ နိုင်ငံလက်ရွေးစင်ဖြစ်သော အောင်ခိုင်ဝင်း၊ အောင်ဆွေနိုင်၊ သန်းနိုင်၊ ဇော်ဝမ်းနှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင်များဖြစ်သော မောင်ရှန်နှင့် ကျော်ကျော်စိုးတို့ဖြစ်သည်။ မောင်မြန်မာ(အငယ်တန်း)တွင် စုစုပေါင်း ၁၇ ဦး ယှဉ်ပြိုင်မည်ဖြစ်၍ ရန်ကုန်တိုင်း လက်ရွေးစင် အများဆုံးပါဝင်ပြီး နယ်မှတစ်ဦးသာ ပါဝင်ကြောင်း သိရသည်။

ယခု ပြိုင်ပွဲရက်နီးကပ်လာပြီဖြစ်၍ ပြိုင်ပွဲဝင်မည့် ကာယအလှမယ်များသည် နီးစပ်ရာစခန်းများတွင် ကြိုးစားလေ့ကျင့်လျက်ရှိသည်ကိုတွေ့ရသည်။ လေ့ကျင့်ရာတွင်လည်း ကိရိယာအကူအညီဖြင့် လေ့ကျင့်ခြင်း၊ ကိရိယာမဲ့ လေ့ကျင့်ခြင်းများဖြင့် ပြင်ဆင်နေသလို မောင်မြန်မာ ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်မည့်သူများသည်လည်း ကိရိယာများဖြင့်တစ်မျိုး၊ ကိရိယာမဲ့ဖြင့်တစ်ဖုံ ကြိုးစားလေ့ကျင့်နေကြပြီဖြစ်သည်။ မည်သူမောင်မြန်မာဖြစ်၍ မည်သူ မယ်မြန်မာဖြစ်လာမည်ကို စောင့်စားမျှော်လင့်ရင်း အကြိုသတင်းရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၄။ မဟာဂီတ ချိုကြည်မြ
- **၄:၅၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၃၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၃၀** ၁၁။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့သူရဲကောင်း" (အပိုင်း-၃၀)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ **စေညွှန်းရာလမ်းမများ** -တက္ကစီမင်းနှင့်လေဖြတ်ဝေဒနာရှင်
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နီလာလက်ကောက် (အပိုင်း-၃၂) (ဇာတ်သိမ်း)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

အမေရိကန်တို့ပြောသော နေ့စဉ်သုံး အင်္ဂလိပ်စကားစာအုပ် ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၄

နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၏ စာတည်းမှူးချုပ်(ငြိမ်း)များ ဖြစ်ကြသော ဦးကျော်မင်း(မင်းကျော်မင်း)နှင့် ဦးမောင်မောင်အေးတို့ တည်းဖြတ်ဘာသာပြန်ဆိုပြုစုသည့် အမေရိကန်တို့ပြောသော နေ့စဉ်သုံး အင်္ဂလိပ်စကားစာအုပ်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**



အဆိုပါစာအုပ်တွင် အခြေအနေအမျိုးမျိုး၌ လူ့အလွှာအဆင့်အတန်း အသီးသီးအတွက် ထူးထူးထွေထွေ ပြောဆိုနိုင်ပုံတို့ကို အခန်းကြီး ၁၈ခန်း၊ အခန်းငယ် ၉၈ ခန်းခွဲ၍ ဖော်ပြထားပြီး ယူနတီစာပေ ဖုန်း-၀၉၅၁၃၀၉၇၇ မှ ထုတ်ဝေ၍ တန်ဖိုးမှာငွေကျပ် ၂၅၀၀ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူ တစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ရက် မွန်းလွဲ ၁နာရီ ၄၅မိနစ်ခန့်က ပဲခူးတိုင်း မုန်းမြို့နယ် ထုံးတောရပ်နေ ဦးဖိုးကုလား၏သား မောင်ကျော်ဆွေဦး အသက်(၂၆)နှစ်သည် ကော့ပြင်းကျေးရွာအရှေ့ဘက် သုံးဖာလုံခန့်အကွာ၌ ထင်းခုတ်နေစဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး မောင်ကျော်ဆွေဦး၏ညာဘက်မျက်လုံးပေါက်ထွက်ကာ မျက်နှာတွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါမိုင်းထိဒဏ်ရာရရှိခဲ့သည့် မောင်ကျော်ဆွေဦးအား တာဝန်ရှိသူများက မုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ၊ ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၆)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဘဏ်များ ကြီးကြပ်ရေးကော်မတီနာယက၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၆)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ ဘဏ်များ ကြီးကြပ်ရေးကော်မတီ နာယက၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက် အရှိန်အဟုန်မြင့်မားစေရန်အတွက် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းနိုင်ရန်၊ ဘဏ်များအားလုံးသည် အတွေ့အကြုံများပေါ် အခြေခံပြီး ဘဏ်လုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် အသေးစိတ်မှာကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ဝေယျာဝစ္စသုံးစွဲရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်(အောင်သဇင်) အောင်သပြေလမ်းနေ ဦးကိုဝင်း-နော်ချိုချိုလွင် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ပြန်ကြားရေးမှူးနှင့် ခေတ္တဘဏ္ဍာရေးမှူး ဦးသန်း လက်ခံယူစဉ်။ (က-ပ)

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည် အခမ်းအနား ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ အသက် ၇၅ နှစ် အထက် သက်ကြီးများနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ(ဂုဏ်ထူးဖြင့်)အောင်မြင်ထားကြသူများ အသင်းတိုက်တည်ရှိရာ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် ၂၇၅ (ပထမထပ်) ဖုန်း- ၃၈၀၁၀၆ သို့ ဆက်သွယ်သတင်းပို့ကြရမည် ဖြစ်သည်။

နှိုးဆော်

အဆိုပါ နှစ်ပတ်လည်အခမ်းအနားတွင် အသင်းအမှုဆောင် ဦးကျော်ထွန်းအောင် (ဟက်ပီးဝေါလ်)က ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး ညောင်တုန်းနယ်ဖွားများ အနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ ငှက်အော်စမ်းလမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ လမ်းဖောက်လုပ်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၀ ရက်တွင် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဗောဓိသာရလမ်း(ကျုံးပတ်လမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးအား ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးသော မြို့ပြကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ စည်ပင်သာယာရေ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် ပေ ၂၈၀၀ အရှည်ရှိ ကညွတ်ကွင်းမြို့တွင်း (၅)လမ်း ကတ္တရာခင်းနေမှု၊ ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာရှိ ရေစက်ရုံ၊ ရေကန်နှင့် ပဲခူးမြို့အတွင်းရှိ ပေ ၂၀၀၀ အရှည်ရှိ မဟာမြိုင်လမ်းအား ကတ္တရာခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၂၁ ရက်တွင် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ ငှက်အော်စမ်း လမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

မကွေးတိုင်း မကွေးမြို့နယ် ဘုရားကုန်းကျေးရွာ တေဇာသိရီမြောက်ကျောင်း ဝိသုဒ္ဓိမဂ္ဂင်ရိပ်သာ ဒုတိယအကြိမ် မဟာသတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကိုဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တကေသဝ၊ဘဒ္ဒန္တကုဒ္ဒိက၊ ဘဒ္ဒန္တကောဝိဒ၊ ဘဒ္ဒန္တနေမိန္ဒ၊ ဘဒ္ဒန္တဇဋိလ၊ ဘဒ္ဒန္တသုနန္ဒ၊ ဘဒ္ဒန္တဉာဏုတ္တရတို့၏ ဩဝါဒကို ခံယူလျက် ဖေဖော်ဝါရီ ၇ရက်မှ ၁၄ ရက် အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ ကမ္မဋ္ဌာနာစရိယများ ဖြစ်ကြသော ဘဒ္ဒန္တသောဘဏ (ဓမ္မာစရိယ) ရန်ကုန်၊ ဘဒ္ဒန္တနေမိန္ဒ (ဓမ္မာစရိယ)မင်းလှမြို့၊ ဘဒ္ဒန္တဉာဏုတ္တရ(ဓမ္မာစရိယ) တောင်ခြေကျောင်းသာစည်ကျေးရွာနှင့် ဆရာဦးလှကို (သိရီပဝရဓမ္မာစရိယ BA၊ လယ်တီ ကမ္မဋ္ဌာနာစရိယညွှန်ကြားရေးမှူး-(ငြိမ်း) တို့က လယ်တီဆရာတော်ကြီး၏ ကျင့်ပွားနည်းများကို ဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို တရားလာရောက်နာယူ အားထုတ်နိုင်သည်။

(က-ပ)

တည်ဆောက်ဆဲမဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် ဦးတင်အောင်၊ ဒေါ်ကျင်ပု မိသားစု ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းက ငွေကျပ်သိန်း ၅၀ ကို နာယက ဦးတင်ဝမ်၊ ဘဏ္ဍာရေးမှူး ဦးကျော်ဇော (မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်း တည်ဆောက်ရန်အတွက် လှိုင်မြို့နယ် (၃) ရပ်ကွက် အေးရိပ်မွန်လမ်းမနေ ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဦးခင်မောင်အေး-ဒေါ်အေးအေးမြင့်၊ သားအုပ်စိုးခန့်၊ သမီး ဆုရည်နန္ဒာတို့က အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုမြို့ မူလာရှီဒီးကြိုးတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ထို့နောက် ဝန်ကြီးချုပ်အား ပူတာအိုလေဆိပ်ညွှန့်ခန်းမ၌ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပူတာအိုလေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ပူတာအိုဒေသသည် ကမ္ဘာလှည့်ခရီးသွားများ သဘောကျနှစ်ခြိုက်သည့် သဘာဝအလှအပများဖြင့် ပြည့်စုံသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထိုဒေသကိုအခြေခံ၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်နိုင်ပါက နိုင်ငံစီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ဒေသတစ်ခုဖြစ်လာမည်ဖြစ်၍ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးအပါအဝင် လိုအပ်ချက်များပြည့်စုံအောင် စူးစမ်းရှာဖွေ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရေးအစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ပူတာအိုမြို့ ခါကာဘိုရာဇီရိပ်သာ၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ပူတာအိုမြို့ နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၀၀ ထွက်ရှိနိုင်မည့်အခြေအနေ၊ ပူတာအိုမြို့၏အနောက်ဘက် သုံးမိုင်ခန့်အကွာ နမ့်ခမ့်တီးချောင်း ရေအားအရင်းအမြစ်မှ ရေလွှဲဆည်တည်ဆောက်ပြီး ကီလိုဝပ် ၂၀၀ ဂျင်နရေတာနှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူပါက ကီလိုဝပ် ၄၀၀ ရရှိမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံ၏အထက်ဘက် သုံးမိုင်ခန့်အကွာတွင် ရေလှောင်တမံ တည်ဆောက်ပြီး ၂ မဂ္ဂါဝပ် ဂျင်နရေတာနှစ်လုံးဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူပါက လျှပ်စစ်ဓာတ်အား ၄ မဂ္ဂါဝပ် ရရှိနိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပူတာအိုလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စပ်လျဉ်း၍ နမ့်ပလပ်ချောင်းနှင့်မလိခမြစ်ကြားတွင် ရေလွှဲဆည်သုံးခု ထပ်မံတည်ဆောက်ပြီးဆောင်ရွက်ပါက အကျိုးပြုဧရိယာ ၆၉၉၁ ဧကဖြစ်ပေါ်ရရှိနိုင်မည့်အခြေအနေ၊ ကောင်းမှုလုံစေတီကားလမ်းနှင့် နန့်ပလပ်ချောင်းကြားတွင် ဆည်နှစ်ခုတည်ဆောက်ပြီး ဆောင်ရွက်ခဲ့သဖြင့် အကျိုးပြုဧရိယာဧက ၅၀၀ ရရှိသည့်အခြေအနေ၊ပူတာအို–မချမ်းဘောကားလမ်းနှင့် ပူတာအို–ကောင်းမှုလုံကားလမ်းကြားတွင် ဆည်တစ်ခုတည်ဆောက်ခဲ့သဖြင့် အကျိုးပြု ဧရိယာဧက ၅၀၀ ရရှိသည့်အခြေအနေ၊ ပူတာအို–မချမ်းဘောကားလမ်းနှင့် မူလာရှီဒီးချောင်းကြားတွင် ရေလွှဲဆည်နှစ်ခု တည်ဆောက်ခဲ့သဖြင့် အကျိုးပြုဧရိယာဧက ၈၀၀ ရရှိသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ရေအားအရင်းအမြစ်များရှာဖွေပြီး လျှပ်စစ်ဓာတ်အားထုတ်ယူရေးနှင့် ပူတာအိုခရိုင် စိမ်းလန်းစိုပြည်ရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ပူတာအိုခရိုင်သည် ရှားပါးသည့် ရေခဲပုံတောင်တန်းများအပါအဝင် သဘာဝအလှများရှိသည့် ဒေသဖြစ်၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်အတူ ဟိုတယ်လုပ်ငန်းများနှင့် ခြေလျင်တောင်တက်လုပ်ငန်းများလည်း ပေါ်ပေါက်လာနိုင်မှာဖြစ်၍ လမ်းတံတားလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားနှင့် အခြားလိုအပ်ချက်များပါ ပြည့်စုံမှုရှိအောင် စူးစမ်းရှာဖွေ ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မူလာရှီဒီးကြိုးတံတားအနီးရှိ မလိခဟိုတယ်သို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်အား မလိခဟိုတယ်၌ ဦးစောဝင်းခွန်က မလိခဟိုတယ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မူလာရှီဒီးကြိုးတံတားအား သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ချင်းတွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၄

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၈၀)နှစ်နှင့်အထက် အသင်းဝင် ဘိုးဘွားများပူဇော်ပွဲ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီးများနှင့် နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ ချင်းတွင်းနယ်သူ၊ နယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်(စနေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဘာဝနာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ သက်ပြည့်ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရ အသင်းဝင်များ၏ သားသမီးများ၊ ဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင်စိုက်ထူလိုသော ချင်းတွင်းနယ်သူ၊နယ်သားစေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း–၂၅၂၀၄၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း–၅၃၄၇၆၄၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(ငြိမ်း) ဖုန်း–၅၇၈၂၉၁၊ ဒေါ်မေစန်းတင် ဖုန်း–၂၄၆၂၃၁၊ အတွင်းရေးမှူး ဦးဝင်းငွေနှင့် ဦးညွန့်ဝေ ဖုန်း–၅၂၄၃၈၅၊ ၅၀၀၁၀၅၊ အသင်းတိုက်တည်ရှိရာ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ်–၂၇၊ အခန်း–၅၇ တို့သို့ ဖေဖော်ဝါရီ ၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနှင့် အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်းနယ်သားအားလုံးကို အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅–၁–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၅ ၉။ အသွင်သဏ္ဌာန် တောက်သည့် သဇင်တန်ပေါက်တံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ EnglishforEverydayUse.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅:၂၅ ၇။ အကပြိုင်ပွဲ
၅:၃၀ ၈။ **“လောကရဲ့အလှရတနာ” (ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)**
၅:၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ တေးဂီတအစီအစဉ်
၇:၂၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “လေဒီယာနှင့် ဆုံစည်းခြင်း” (အပိုင်း–၃)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူများ” (အပိုင်း–၂၂)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၁–၂၀၀၈(သောကြာနေ့)

AM & PM

၇:၀၀–၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅–၁:၀၅	“ဒါနသည် ဘဝကိုချမ်းမြိန်စေ၏”တရားတော် (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်သုစိတ္တ)
၇:၅၅–၁:၅၅	Antioxidants & Your Health (အပိုင်း–၂) (ဒေါက်တာဝင်းထွန်း)
၈:၂၅–၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀–၂:၃၀	Myanmar Video Rhythm
၈:၅၅–၂:၅	မြန်မာ့ဂုဏ်ဒြပ်ထွန်းတောက်စေသော မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီအနုပညာပြိုင်ပွဲ
၉:၂၀–၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀–၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅–၃:၃၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၄၅–၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀–၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅–၃:၅၅	မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအကြောင်း သိကောင်းစရာ(အပိုင်း–၁)
၁၀:၃၀–၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅–၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀–၄:၄၀	အနုပညာကွန်ပျူတာဒီပလိုမာအပ်နှင်းပွဲအခမ်းအနား
၁၀:၅၅–၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅–၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀–၅:၁၀	ဂမုန်းရေလှောင်တမံ
၁၁:၂၀–၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅–၅:၂၅	Art Vision (Traveller 2007 Photo And Art Show)
၁၁:၅၀–၅:၅၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂:၀၀–၆:၀၀	တေးဂီတအစီအစဉ်
၁၂:၁၅–၆:၁၅	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ (မင်္ဂလာမောင်နှံတို့အတွက်ကျန်းမာရေးလမ်းညွှန်)
၁၂:၃၅–၆:၃၅	VJ Choice
၁:၀၀–၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Ivory Coast-Benin	Euro Sport (Live)
၂:၀၀	Nigeria-Mali	Euro Sport (Live)

*** ကျောဖုံးမှ**

ပူတာအိုခရိုင်သည် ကချင်ပြည်နယ်၏ မြောက်ဘက်တွင် တည်ရှိသကဲ့သို့ မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းကျသည့် ခရိုင်တစ်ခုလည်းဖြစ်ကြောင်း၊ လူဦးရေများပြားလှသည့် နိုင်ငံကြီး နှစ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိလျက်ရှိသည့် ခရိုင်ဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများအတွက် လွန်စွာအရေးပါကြောင်း။

ပူတာအိုခရိုင်အတွင်း သဘာဝသယံဇာတ ပေါများကြွယ်ဝသည့်အပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့် မြစ်၊ ချောင်းများလည်း များစွာရှိကြောင်း၊ ထို့အပြင် ရေခဲများဖုံးလွှမ်းလျက်ရှိသော တောင်များ၊ သဘာဝလှပသည့် ရှုခင်းများ၊ သစ်တောကြီးများ၊ သဘာဝအလှအပများမှာလည်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အခြေခံကောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် ပူတာအိုခရိုင်သည် ကချင်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်သည့် ဒေသတစ်ခု ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကချင်ပြည်နယ်အပါအဝင် ကျန်နေရာဒေသများ၏ ရေ၊ မြေ၊ ရာသီဥတု အခြေအနေမှာ စိုက်ပျိုးရေးအတွက် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိကြောင်း၊ ထို့အပြင် သစ်တော၊ ဝါးတောကြီးများဖြစ်ထွန်းပေါက်ရောက်လျက်ရှိပြီး ဆန်စပါး စိုက်ပျိုးထုတ်လုပ်နိုင်သည့်အပြင် သားငါး၊ သတ္တု စသည့် သယံဇာတများလည်း ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုခရိုင် နောင်မွန်မြို့ လုံးမောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် **မိမိတို့နိုင်ငံအနေဖြင့် လူ့ဘဝ၏ အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးအတွက် ပူပင်စရာမလိုသော်လည်း မိမိတို့တွင် ရှိပြီးဖြစ်သည့် သဘာဝအခြေခံကောင်းများကို လက်တွေ့ ဝီရိယစိုက်ထုတ် အလုပ်လုပ်လျက် မိမိတို့လူနေမှုအဆင့်အတန်းတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။**

နိုင်ငံတော်အစိုးရအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာကြသည့် တိုင်းရင်းသား ညီနောင်များနေထိုင်ရာ ပြည်နယ်နှင့် တိုင်းများအတွင်းရှိ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပူတာအိုခရိုင်အတွင်း တောတောင်များ ထူထပ်ပေါများလှသည့်အတွက် လမ်းများကို ဖောက်လုပ်အဆင့်မြှင့်တင်ရန် ခက်ခဲသော်လည်း မိမိတို့ နည်းမျိုးစုံသုံး၍ ကြိုးစားဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ယမန်နေ့ကပင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လမ်းဖောက်လုပ်ရေး၊ တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရေးကိစ္စ၊ နောင်မွန်ကို အခြေပြု၍ ပူတာအို-နောင်မွန် ကားလမ်း၊ နောင်မွန်-ခေါ်ဘူဒဲကားလမ်း ဖောက်လုပ်ရေးကိစ္စများကို ညှိနှိုင်းစည်းဝေးခဲ့ကြကြောင်း၊ မြစ်ကြီးနား-တနိုင်း ကားလမ်းဘေးတွင်လည်း ကြံနှင့် ပီလောပီနံ စိုက်ကွင်းကြီးများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက စိုက်ပျိုးလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံပြီး နေရာဒေသအားလုံးမှာ ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်စေရအောင် မျက်ခြည်ပြတ်မခံဘဲ အခြေအနေပေးသည်နှင့်အမျှ ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ဤဒေသအနေဖြင့် ယခင်ကာလများက တည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ ဒေသဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်ကို ဒေသခံများအားလုံး အသိပင်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူသည့် အချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့်ဒေသများ အလျင်အမြန် တိုးတက်လာအောင် တစိုက်မတ်မတ် အလေးထားဆောင်ရွက်ခဲ့သဖြင့် ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ သိသိသာသာ ဖွံ့ဖြိုးလာခဲ့ပြီး တိုင်းရင်းသားပြည်သူများ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုရလဒ်ကောင်းများ ရရှိခံစားနေနိုင်ပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာဖြင့် လုပ်ဆောင်ချက်များကြောင့်လည်း တိုင်းရင်းသား ညီနောင်အချင်းချင်း စည်းလုံးညီညွတ်သည့်စိတ်ဓာတ်များ ပိုမိုဖြစ်ထွန်းလာခဲ့ကြောင်း။

ယနေ့အချိန်တွင် နယ်စပ်ဒေသများအပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက်လည်း လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးမှုများမှာလည်း အရှိန်ရလျက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်က ဒေသအားလုံး ဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်ခြင်း၏ အဓိကအကြောင်းတရားမှာလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများကြောင့်ပင် ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းပမာဏမှာ ကြီးမားကျယ်ပြန့်လှသည့်အလျောက် ပြည်သူများအပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရက လမ်းတံတား၊ ဆည်မြောင်း၊ တာတမံများစွာ တည်ဆောက်ပေးထားပြီးဖြစ်၍ ယင်းအခြေခံကောင်းများကို ထိထိမိမိအသုံးချပြီး မိမိတို့ လူမှုစီးပွားဘဝ တိုးတက်လာအောင် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များမှာ လူသားစွမ်းရည် မြင့်မားရေးဖြစ်ကြောင်း၊ ဒေသအားလုံးမှာ အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များ၊ သိပ္ပံနှင့်နည်းပညာရပ်များကို လွယ်လွယ်ကူကူ သင်ယူတတ်မြောက်နိုင်စေရန် ပြည်နယ်နှင့်တိုင်းအားလုံးမှာ ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်၍ တက္ကသိုလ်များကို ထူထောင်ပေးခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခင်က ရန်ကုန်-မန္တလေး ကဲ့သို့ မြို့ကြီးများသို့ သွားရောက်သင်ယူခဲ့ရာမှ ယခုအခါ မိမိဒေသအတွင်းမှာပင် လွယ်လွယ်ကူကူသင်ယူနိုင်ကြပြီဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍအပိုင်းတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းများအဖြစ် သတ်မှတ်အဆင့်အတန်းမြှင့်ပေးခြင်းဖြင့် တတ်နိုင်သမျှ ကိုယ့်ရပ်ကိုယ့်ရွာမှာပင် သင်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် ကျောင်းနေကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေကလေးများ ကျောင်းနေမြဲရေးအစီအစဉ်ကိုလည်း စေတနာရှင်၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြေခံပညာပြီးဆုံးပါကလည်း အဆင့်မြင့်ပညာရပ်များကို ဖွံ့ဖြိုးရေးဒေသများရှိ တက္ကသိုလ်များမှာပင် ဆက်လက်သင်ယူနေနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာမှာ ဒေသအားလုံးရှိ လူငယ်လူရွယ်များထံသို့ ခေတ်မီပညာရပ်များ အရောက်ပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ စေတနာကို မိမိတို့တိုင်းရင်းသား လူငယ်လူရွယ်များအားလုံး အပြည့်အဝခံစားရရှိစေရအောင် ဆရာ၊ ဆရာမများအပိုင်းကလည်း မိမိတို့တပည့် သားသမီးများကို အတတ်ပညာသာမက စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်သူများ၊ ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းနှင့် နိုင်ငံတော်၏စည်းကမ်း ဥပဒေများကို လေးစားလိုက်နာသူများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်သူများဖြစ်အောင် ငယ်စဉ်ဘဝကပင် လေ့ကျင့်သင်ကြားပေးကြရန် အထူးမှာကြားလိုကြောင်း။

ထို့အပြင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒေသအားလုံးတွင် အထူးကုဆေးရုံကြီးများ၊ ဆေးရုံ၊ ဆေးပေးခန်းများတည်ဆောက်ပေးပြီး ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်စေလွှတ်တာဝန်ပေးအပ်ထားကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ တိုင်းရင်းသားများ ကျန်းမာကြံ့ခိုင်၍ သက်တမ်းစေ့နေလိုသည့် ဆန္ဒများပြည့်ဝစွာ စွမ်းဆောင်ပေးကြရန် မှာကြားလိုကြောင်း၊ ဒေသအလိုက်၊ ရာသီအလိုက်ဖြစ်တတ်သည့် ရောဂါများ၊ မိမိတို့နိုင်ငံတွင် အဖြစ်များသည့် ရောဂါများအတွက် ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများ ဟောပြောပို့ချ အသိပညာပေးရန် မှာကြားလိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးကုသမှုစွမ်းရည်အပြင် စေတနာစွမ်းအားကိုပါ ပေါင်းစပ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး(၁၀၀)ကျော်တို့ ရှေးနှစ်ပေါင်းများစွာကတည်းက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် နေထိုင်လာကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာ၊ မြို့တစ်မြို့၊ ပြည်နယ်နှင့်တိုင်း တစ်ခုအတွင်းမှာပင် တိုင်းရင်းသားတို့ အစဉ်အဆက်စုပေါင်းနေထိုင်လာခဲ့ကြကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရကိုယ်စား ဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသနေပြည်သူများအတွင်း စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေရစေရန် အတွက်လည်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ မိမိတို့တာဝန်ယူကြရသည့် ဒေသများဖွံ့ဖြိုး တိုးတက်အောင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းများ တိုးတက်မြင့်မားအောင် မှန်ကန်သောဦးဆောင်မှုဖြင့် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ပူတာအိုမြို့နယ်အတွက် ရုပ်မြင်သံကြားစက် ရှစ်လုံးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းသို့ လည်းကောင်း၊ ပညာရေးဌာနအတွက် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ပုံနှိပ်စာအုပ် မျိုးစုံတို့ကို မြို့နယ်ပညာရေးမှူး ဦးတင်လှသို့ လည်းကောင်း၊ ကျန်းမာရေးဌာနအတွက် ဆေးဝါးပစ္စည်းမျိုးစုံကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်လွင်သို့ လည်းကောင်း၊ အားကစားပစ္စည်းများကို ဦးအောင်အောင်ဆွေသို့လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ပုဆိုး၊ အနွေးထည်နှင့် ရေအားလျှပ်စစ်ဒိုင်နမိုများကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးဂွမ်ရိန်ဒီးသို့ လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်အရန်မီးသတ် တပ်ဖွဲ့တို့အတွက် လှူဒါန်းငွေများကို ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပူတာအိုခရိုင် နောင်မွန်မြို့သို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်အား ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် နောင်မွန်မြို့ လုံးမောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်၏ ဖွဲ့စည်းပုံ၊ လူဦးရေ၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများကို မေးမြန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ခံများက ပြန်လည် ဖြေကြားကြပြီး ဒေသလိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

အဆိုပါ တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် အစွန်အဖျားဒေသများတွင် နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများ၊ ဒေသခံများ၊ မြို့မိမြို့ဖများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပံ့ပိုးပေးရန်ရှိသည်များကို ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်နံတစ်လျားရှိ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးမှုများရရှိစေရန် စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့ပြ၊ ကျေးလက်နှင့် နယ်စပ်ဒေသများပါမကျန် လိုအပ်သည့်နေရာများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် အချိန်အခါကာလတွင် နိုင်ငံတော်ကိုယ်စား ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြသည့် ဝန်ထမ်းများအားလုံးကလည်း တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် နိုင်ငံတော်၏စေတနာ၊ မျှော်မှန်းချက်များပြည့်စုံမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ရုပ်မြင်သံကြားစက်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့လည်းကောင်း၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးသို့လည်းကောင်း၊ ဆေးဝါးမျိုးစုံနှင့် ပံ့ပိုးငွေများကို မြို့နယ်ဆေးရုံမှ ဆရာဝန်သို့ လည်းကောင်း၊ စားသောက်ဖွယ်ရာနှင့် ပံ့ပိုးငွေများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးသို့ လည်းကောင်း၊ ဆားထုပ်များနှင့် ထောက်ပံ့ငွေများကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးသို့ လည်းကောင်း၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့အတွက် ပံ့ပိုးငွေများကို တပ်ဖွဲ့မှူးများသို့လည်းကောင်း၊ ပန်နန်းဒင်နှင့် ခေါင်လန်ဖူးမြို့များအတွက် လက်ဆောင်ပစ္စည်းများကို ခရိုင်အုပ်ချုပ်ရေးမှူးသို့လည်းကောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးသို့လည်းကောင်း၊ အဝတ်အထည်များနှင့် စောင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးသို့လည်းကောင်း၊ စားသောက်ဖွယ်ရာများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးသို့လည်းကောင်း ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်မွန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်သည် ဆေးရုံအားလှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်မွန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၂ နာရီတွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဝန်ကြီးချုပ်သည် ဆေးရုံရှိ ကလေးဆောင်၊ ဖျားနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိရပ်နားကြသည်။

ဝန်ကြီးချုပ်၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းတွင် ပူတာအိုတပ်နယ် ဗန္ဓုလခန်းမ၌ ပူတာအိုတပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့်မြို့နယ်အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို အားပေးမှာကြားကြသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၂၂ ရက် ည ၈ နာရီတွင် မြစ်ကြီးနားမြို့ နဂါးနှစ်ကောင်ဟိုတယ်၌ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးတို့အား တွေ့ဆုံပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အသေးစိတ် ရှင်းလင်းမှာကြားခဲ့ပြီး လုပ်ငန်းရှင်များ၏ အမေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဥာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲပြီးစီး

ရန်ကုန်　ဇန်နဝါရီ　၂၄

၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် ဥာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတွင် ကျင်းပရာ အလွတ်တန်းပြိုင်ပွဲ၌ ပြည်ထဲရေးအသင်းနှင့် တပ်မတော်အသင်း၊ သက်ကြီးတန်းပြိုင်ပွဲ၌ ဆောက်လုပ်ရေးအသင်းနှင့် တပ်မတော်အသင်းတို့ အနိုင်ရဗိုလ်စွဲသွားကြသည်။

ဆုများကို အားကစားနှင့် ကာယပညာဦးစီးဥာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းတို့က ချီးမြှင့်ကြသည်။

အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် တပ်မတော်အသင်းက ရွှေ(၆)၊ ငွေ(၆)၊ ကြေး(၁၀)ဖြင့် ၁၄၇မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေးက ရွှေ(၄)၊ငွေ(၇)၊ ကြေး(၃)ဖြင့် ၁၀၆မှတ်၊ အမျိုးသားအမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေးက ရွှေ(၉)၊ ငွေ(၁၂)၊ ကြေး(၉)ဖြင့် ၂၂၇မှတ်၊ သက်ကြီးတန်း အမျိုးသားပြိုင်ပွဲတွင် တပ်မတော် အသင်းက ရွှေ(၇)၊ ငွေ(၉)၊ ကြေး(၃)ဖြင့် ၁၂၄မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် ဆောက်လုပ်ရေးက ရွှေ(၇)၊ ငွေ(၆)၊ ကြေး(၅)ဖြင့် ၁၂၈မှတ်၊ အမျိုးသားအမျိုးသမီးပြိုင်ပွဲတွင် ဆောက်လုပ်ရေးက ရွှေ(၉)၊ ငွေ(၉)၊ ကြေး(၁၁)ဖြင့် ၂၁၄ မှတ်တို့ဖြင့် ဗိုလ်စွဲခဲ့ကြသည်။ (ကြေးမုံ)

အမျိုးသမီးမီတာ(၁၀၀) တန်းကျော်ပြေးပြိုင်ပွဲတွင် ၁၉၈၇ခုနှစ်က အေးအေးနွယ် (အိုးအိမ်)တင်ထားသော ၁၅ဒသမ၂၈စက္ကန့်စံချိန်ကို ၁၅ဒသမ၁စက္ကန့်ဖြင့် စံချိန်ချိုးကာ စံချိန်သစ်တင်နိုင်ခဲ့သော မြလေးဖြူ(မန်းစည်ပင်)၏ ပြိုင်ပွဲဝင်ဟန်။ (ကြေးမုံ)

မှုခင်းသတင်းများ

အမျိုးသမီးငယ်များအား အခကြေးငွေယူကာ ပြည်ပပို့ဆောင်နေသူများကို ဖော်ထုတ်အရေးယူ

ရန်ကုန်　ဇန်နဝါရီ　၂၄

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မြန်မာ့ဂုဏ်ရောင်အိမ်ရာ မြလမ်းရှိ နေအိမ်တစ်အိမ်တွင် အမျိုးသမီးငယ်များကိုစုဆောင်းထားရှိပြီး အခကြေးငွေယူကာ စင်ကာပူနိုင်ငံသို့ ပို့ဆောင်သည့်လုပ်ငန်း လုပ်ကိုင်နေကြောင်း သတင်းအရ တာမွေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ရက် ညဂနာရီခန့်တွင် ဝင်ရောက်စစ်ဆေးရာ အိမ်ရှင် မလှမျိုးမြင့်(၂၈)နှစ်နှင့် စင်ကာပူနိုင်ငံသား Mr. Ong Tian Hock Fred Die (၃၅)နှစ်တို့နှစ်ဦးသည် အလုပ်သမားဝန်ကြီးဥာနမှ တရားဝင်ထုတ်ပေးထားသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ အခကြေးငွေရယူကာ မအိအိဖြူ အပါအဝင် မြန်မာအမျိုးသမီးငယ် ၁၄ဦးတို့ကို နေအိမ်တွင် ဧည့်စာရင်းဖြင့် စုဆောင်းသိမ်းသွင်းလက်ခံခိုလှုံခွင့်ပေးထားပြီး တရားမဝင် ပြည်ပအလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်လုပ်ကိုင်နေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တာမွေရဲစခန်းက(ပ) ၆၅/၂၀၀၈၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၆ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖယောင်းတိုင်မီးကစ အိမ်နှစ်လုံးမီးလောင်

ရန်ကုန်　ဇန်နဝါရီ　၂၄

ရန်ကုန်တိုင်း သာကေတမြို့နယ် (၆)အနောက်ရပ်ကွက် ဇမ္ဗူသီရိလမ်းနှင့် (၇)ဈေးလမ်းထောင့်၌ ဇန်နဝါရီ ၂၄ရက် နံနက် ၃နာရီ ၃မိနစ်က သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ် တိုက်ခံအပေါ်ထပ်တွင် ဖယောင်းတိုင်မီးထွန်းရာမှစ၍ မီးကူးစက်လောင်သဖြင့် အိမ်နှစ်လုံးမီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စုသုံးစုမှ လူဦးရေ ၁၇ဦး မီးဘေးဒုက္ခ ရောက်ကာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၂၄-၁-၂၀၀၈)

ဟားခါး
(၂) ဒီဂရီစင်တီဂရိတ်
လွိုင်လင်
(၃) ဒီဂရီစင်တီဂရိတ်
အမ်း
(၄) ဒီဂရီစင်တီဂရိတ်

နာမည်ကြီးများရှုံးရသော ဩစတြေးလျအိုးပင်း လီဗာပူးပိုင်ရှင်နှင့် အိမ်ခံပရိသတ်တို့၏ပြဿနာ

ဇာနည်ဦး

အားကစားယှဉ်ပြိုင်ကြရာတွင် အများမျှော်လင့်သကဲ့သို့ အဖြေထွက်မလာဘဲ မထင်မှတ်ဘဲ ရှုံးနိမ့်သွားရသည့်အခါ upset ဟူ၍သုံးနှုန်းကြပါသည်။ အများကအနိုင်ရမည်ဟု တစ်ပေးထားသော အသင်းကြီးများက မမျှော်လင့်သော အရှုံးဖြင့် ရင်ဆိုင်ရသောအခါ သုံးနှုန်းကြပါသည်။

လောလောလတ်လတ် ထင်ရှားသော သာဓကတစ်ရပ်မှာ ကျင်းပဆဲ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ညွှန်းဆိုရမည်ဖြစ်ပါသည်။

အမျိုးသမီးတစ်ဦးချင်းကွာတားဖိုင်နယ်တွင် ကမ္ဘာ့အဆင့်(၁) အားကစားသမားဖြစ်ပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ နိုင်ခြေအဆင့်(၁) သတ်မှတ်ခံထားရသူ ဂျပ်စတင်းဟီနင်မှာ ပြိုင်ဘက်ကမ္ဘာ့အဆင့်(၅)ရှိ မာရီယာရှာရာပိုဗာကို ၆-၄-၊ ၆-၁ဖြင့် နှစ်ပွဲပြတ် ရှုံးနိမ့်သွားရခြင်းမှာ မထင်မှတ်သော အခြေအနေပင်ဖြစ်သည်။ ရှာရာပိုဗာကဟီနင်၏ ၃၂ပွဲဆက်တိုက် အနိုင်ယူထားသော စံချိန်ကို ရပ်တန့်ပစ်လိုက်နိုင်ပြီး ဩစတြေးလျအိုးပင်း ဆီမီးဖိုင်နယ်သို့ လေးနှစ်ဆက်တိုက် တက်ရောက်နိုင်သည့်စံချိန်ကိုပါ တင်သွားသည်။

ထို့အတူပင် ဩစတြေးလျအိုးပင်းကွာတားဖိုင်နယ်၌ လက်ရှိချန်ပီယံ ဆီရီနာဝီလျံသည်လည်း ဂျန်ကိုဗစ်ကို ၆-၃၊ ၆-၄ဖြင့် မမျှော်လင့်ဘဲ ရှုံးခဲ့ပြန်သည်။

အမျိုးသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲတွင်လည်း ကမ္ဘာ့အဆင့်(၂)ရှိ စပိန်တင်းနစ်အကျော်အမော် နာဒဲလ်မှာ တက်သစ်စ ပြင်သစ်တင်းနစ်သမား ဂျိုဝီဖရိုက်ဆောင်ဂါကို ၆-၂၊ ၆-၃၊ ၆-၂ဖြင့် ရှုံးခဲ့ရပြန်သည်။

ဤသည်တို့မှာ ကျင်းပဆဲ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဖြစ်ပေါ်ခဲ့သော မထင်မှတ်သောရလဒ် upset သတင်းများပင် ဖြစ်ပါသည်။

ထို့အတူ အင်္ဂလိပ်ဘောလုံးလောကမှ ကျင်းပဆဲ ကားလင်းဖလားအကြိုဗိုလ်လုပွဲတွင် ပရီမီယာလိဂ်ဇယား၌ ဒုတိယနေရာ၌ ရပ်တည်နေသည့် နာမည်ကြီးအာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ဇယား၌ အဆင့်(၁၁)ရှိ စပါးစ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် မရှုမလှရှုံးနိမ့်သွားရသောသတင်းသည်လည်း upset သတင်းပင်ဖြစ်ပါသည်။

ကားလင်းဖလား အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးက အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်သွားသကဲ့သို့ စပါးစ်ကလည်း အာဆင်နယ်ကို ငါးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ နှစ်ပွဲပေါင်းရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့တက်သွားသည်။

ပရီမီယာလိဂ် ပွဲစဉ်(၂၃) ပြိုင်ပွဲများကို ဇန်နဝါရီ ၁၉နှင့် ၂၀ရက်တို့က ကျင်းပပြီးစီးခဲ့ရာ မန်ချက်စတာယူနိုက်တက်က ရီးဒင်းကို (၂-၀)၊ အာဆင်နယ်က ဖူလ်ဟမ်ကို (၃-၀)၊ ပို့စ်မောက်က ဒါဘီကို (၃-၁)၊ အဲဗာတန်က ဝီဂန်ကို (၂-၁)၊ စပါးစ်က ဆန်းဒါးလန်းကို (၂-၀)၊ ချယ်လ်ဆီးက ဘာမင်ဂန်ကို (၁-၀)တို့ဖြင့်အနိုင်ရပြီး မန်ချက်စတာစီးတီးနှင့် ဝက်စ်ဟမ်း (၁-၁)၊ ဘလက်ဘန်းနှင့် မစ်ဒယ်ဘရော့ (၁-၁)၊ ဘော်တန်နှင့် နယူးကာဆယ် (၀-၀)တို့ဖြင့် သရေကျခဲ့ကြသည်။

ဇန်နဝါရီ ၂၁ရက်က ကျင်းပသောပွဲ၌ လီဗာပူးနှင့် အက်စ်တန်ဗီလာတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

တန်းစီဇယားအောက်ဆုံး၌ ရပ်တည်နေသော အသင်းသုံးသင်းမှာ ဆန်းဒါးလန်း (အမှတ် ၂၀)၊ ဖူလ်ဟမ် (၁၅မှတ်)နှင့် ဒါဘီ (၇မှတ်)တို့ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၂၄)ကို ဇန်နဝါရီ ၂၆ ရက်၊ ၃၀ နှင့် ၃၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ-

၂၆-၁-၂၀၀၈-ည	**၉း၃၀**	**အက်စ်တန်ဗီလာ-ဘလက်ဘန်း**
၃၀-၁-၂၀၀၈-နံနက်	**၂း၁၅**	**အာဆင်နယ်-နယူးကာဆယ်**
၃၀-၁-၂၀၀၈-နံနက်	**၂း၁၅**	**ဘော်လ်တန်-ဖူလ်ဟမ်**
၃၀-၁-၂၀၀၈-နံနက်	**၂း၁၅**	**မစ်ဒယ်ဘရော့-ဝီဂန်**
၃၀-၁-၂၀၀၈-နံနက်	**၂း၃၀**	**ဆန်းဒါးလန်း-ဘာမင်ဂန်**
၃၁-၁-၂၀၀၈-နံနက်	**၂း၁၅**	**ချယ်လ်ဆီး-ရီးဒင်း**
၃၁-၁-၂၀၀၈-နံနက်	**၂း၁၅**	**ဒါဘီ-မန်စီးတီး**
၃၁-၁-၂၀၀၈-နံနက်	**၂း၁၅**	**အဲဗာတန်-စပါးစ်**
၃၁-၁-၂၀၀၈-နံနက်	**၂း၁၅**	**ဝက်စ်ဟမ်း-လီဗာပူး**
၃၁-၁-၂၀၀၈-နံနက်	**၂း၃၀**	**မန်ယူ-ပို့စ်မောက်**

အက်ဖ်အေဖလားစတုတ္ထဆင့်ပွဲစဉ်များကိုလည်း ဇန်နဝါရီ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

စပိန်မှ ရီးယဲမဒရစ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်း၏ Key-player စီရော်နယ်လ်ဒိုကို အသည်းအသန်ခေါ်ယူရန် ကြိုးပမ်းနေမှုများမှာ အဆုံးသတ်သွားပြီဟုဆိုသည်။ စီရော်နယ်လ်ဒိုသည် မန်ယူတွင် ၂၀၁၂ ခုနှစ်အထိ ကစားရန် စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုပြီး ဖြစ်သည်။ စီရော်နယ်လ်ဒိုသည် မန်ယူ၏ အသက်ဖြစ်နေပြီဖြစ်ရာ ဖာဂူဆန်က လောလောဆယ် မည်သို့မျှလက်လွှတ်မည်မဟုတ်သကဲ့သို့ မန်ယူပရိသတ်ကလည်း ပရီမီယာလိဂ်ပွဲစဉ်(၂၃) ပြီးသည်အထိ ၂၃ ဂိုးသွင်းပေးထားသော ၎င်းတို့၏ အချစ်တော် စီရော်နယ်လ်ဒိုကို လက်လွှတ်ခံကြမည်မဟုတ်ချေ။ သို့သော် ရော်နယ်လ်ဒို၏မိခင်က ရီးယဲလ်မဒရစ်သို့ ပြောင်းစေချင်နေသည်။

ပရီမီယာလိဂ်ပြိုင်ပွဲတွင် အဆင့်(၁၂)နေရာသို့ ရောက်ရှိနေသည့် နယူးကာဆယ်အသင်းသည် နည်းပြဆရာ နုတ်ထွက်သွားသဖြင့် ကီဗင်ကီးဂန်းက တစ်ကျော့ပြန် နည်းပြပြန်ဖြစ်လာသည်။ ကီးဂန်းကအသင်းအတွက် အားဖြည့်ရန်အတွက် အသင်းကပ္ပတိန်ဟောင်းနှင့် အင်္ဂလန်လက်ရွေးစင်ဟောင်း အလန်ရှီးယားကို လက်ထောက်နည်းပြအဖြစ် တာဝန်ပေးရန် ဆုံးဖြတ်ထားသည်။ ပရီမီယာလိဂ် ပွဲစဉ်(၂၃)တွင် နယူးကာဆယ်အသင်းသည် ဘော်လ်တန်ကို အိမ်ကွင်း၌ပင် အနိုင်မရဘဲ ဂိုးမရှိသရေကျခဲ့သည်။

အင်္ဂလန်ကလပ်အသင်းများအနက် လောလောလတ်လတ် ပြဿနာတက်နေသောအသင်းမှာ ပရီမီယာလိဂ်ဇယား၌ အဆင့်(၅)တွင်ရှိနေသော လီဗာပူးအသင်းဖြစ်သည်။ ငွေရေးကြေးရေးအကျပ်အတည်းကြောင့် လီဗာပူး၏ ရှယ်ယာအချို့ကို ဒူဘိုင်းအင်တာနေရှင်နယ် ကက်ပီတယ်ဘဏ်လုပ်ငန်းအုပ်စုသို့ ရောင်းချရန် စီစဉ်နေသည်ဆိုသော သတင်းနှင့်ပတ်သက်၍ လီဗာပူးပရိသတ်က ဒေါသူပုန်ထလျက်ရှိသည်။ ကလပ်အသင်းပိုင်ရှင်ကမူ မဟုတ်ကြောင်း ငြင်းဆိုနေသည်။

ပွဲစဉ်(၂၃)အပြီး ပြိုင်ပွဲဝင်အသင်းများအနက် အမှတ်အများဆုံး ၁၀ သင်း၏ ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	အမှတ်
၁	မန်ယူ	၂၃	၁၇	၃	၃	၅၄
၂	အာဆင်နယ်	၂၃	၁၆	၆	၁	၅၄
၃	ချယ်လ်ဆီး	၂၃	၁၅	၅	၃	၅၀
၄	အဲဗာတန်	၂၃	၁၃	၃	၇	၄၂
၅	လီဗာပူး	၂၂	၁၀	၁၀	၂	၄၀
၆	အက်စ်တန်ဗီလာ	၂၃	၁၁	၇	၅	၄၀
၇	မန်စီးတီး	၂၃	၁၁	၇	၅	၄၀
၈	ပို့စ်မောက်	၂၃	၁၀	၇	၆	၃၇
၉	ဘလက်ဘန်း	၂၃	၁၀	၇	၆	၃၇
၁၀	ဝက်စ်ဟမ်း	၂၂	၉	၆	၇	၃၃

The LIVE NEWS ဂျာနယ် အမှတ် (၆၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန်　ဇန်နဝါရီ　၂၄

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့်အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ် (၆၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အိန္ဒိယအပေါင်းတရုတ် ညီမျှခြင်းမဟာအင်အားစု၊ သမ္မတဘုရှ်၏ မအောင်မြင်လှသော အရှေ့အလယ်ပိုင်းဒေသခရီးစဉ်၊ သေနတ်မပစ်တတ်သူကို ရှေ့တန်းပို့နေသော ပါကစ္စတန်နိုင်ငံရေး၊ ဆမ်ဆောင်းကုမ္ပဏီရုံးခန်းအား ရဲတပ်ဖွဲ့က စီးနင်းရှာဖွေ၊ ဗြိတိန်နိုင်ငံသည် ကိုလိုနီအရှင်သခင် စရိုက်ဥာဉ်ဆိုးများ မဖျောက်နိုင်သေးဟု ရုရှားဝေဖန်၊ ဂျပန်နိုင်ငံရှိ မိတ်ဆွေများထံသို့ သွားရောက်လည်ပတ်လိုသူများအတွက် ဗီဇာစည်းကမ်းထုတ်ပြန်ထား၊ ကန့်သတ်ချက်ရှိသော မော်တော်ယာဉ်များ ဝယ်မည်ဆိုလျှင်၊ လက်ပ်တော့ပ်အမျိုးအစားသစ်တစ်ခု ဇန်နဝါရီလကုန်တွင် ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာတော့မည်၊ ပုလဲဝင်းနှင့် ပေါ့ပေါ့ ပါးပါးအမေးအဖြေများ၊ ခွေးသေကောင်ပုပ်ကို လက်နှီးစုတ်ဖြင့် ဖုံးအုပ်၍မလုံနိုင်ပါ၊ စိတ်ညစ်တဲ့ အမူးသမား၊ ပထမဦးဆုံး အဝေးပြေး (High Way) လမ်းမကြီးဖြစ်တဲ့ ပြည်လမ်း (Prome /Pyay Road)၊ တက္ကစီမင်းနှင့်အရှုံးအမြတ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်းဆောင်းပါး အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ စန်းနီလာဝင်း၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာ ဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက် လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆရာတော် အရှင်ဇဝန(ပဲခူး)၏ ဓမ္မသဘင်များ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏ စံရိပ်ငြိမ်ကျောင်း ဆရာတော် အရှင်ဇဝန(ပဲခူး)သည် ဇန်နဝါရီ ၂၅၊ ၂၆ရက်တွင် ကော့မှူးမြို့နယ် ဖိုးတုတ်ရွာ မလွန်ဆန်လှူ၊ ၂၇၊ ၂၈ရက်တွင် ငှက်ကြီးဒေါင်ရွာ မလွန်ဆန်လှူ၊ ၂၉၊ ၃၀ရက်တွင် ကျုံမငဲ့ရွာ မလွန်ဆန်လှူ၊ ၃၁ရက်တွင် ပုဇွန်တောင် အမှတ်(၅) သံဃာ့ဒါနအသင်း ဆွမ်းအောင်ပွဲ၊ ဖေဖော်ဝါရီ ၁၊ ၂ရက်တွင် ရွာသစ်ရွာ မလွန်ဆန်လှူ၊ ၃ရက်တွင် အောင်လံမြို့နယ် ပြလို့စံပြကျေးရွာ ရွှေမုဋ္ဌောဘုရားပွဲ၊ ၅၊၆ရက်တွင် ကျိုက်ထော်(တောင်) မလွန်ဆန်လှူ၊ ၇ရက်တွင် သုဝဏ္ဏ ကောက်လျင်လမ်း တနင်္ဂနွေဓမ္မာရုံ၊ ၉၊၁၀ရက်တွင် အလယ်ချောင်းရွာ မလွန်ဆန်လှူ ဓမ္မသဘင်တို့၌ တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲဆက်သွယ်လိုလျှင် ဖုန်း-၀၁-၇၀၉၆၀၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မိသားစု မှ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် သီရိသုဓမ္မမဏိဇောတဓရ ဦးဘိုကြီးအား "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အသက်ရာကျော်ရှည်၍ ချစ်သောမိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

၁။ ဦးဘခန့် (သီရိသုဓမ္မမဏိဇောတဓရ) + ဒေါ်ခင်ရွှေ (ရွှေ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
၂။ ဦးခင်မောင်ထွေး + ဒေါ်တင်တင်ရွှေ (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)
၃။ ဦးတင်ရွှေ + ဒေါ်ခင်လှဝင်း (စိန်ရွှေမိုး လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)
၄။ ဦးမြင့်ရွှေ + ဒေါ်စမ်းယဉ် (ရွှေနန်းထိုက် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
၅။ ဦးရွှေတိုး + ဒေါ်ချိုချိုစမ်း (ရွှေထူး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
၆။ ဦးအောင်တိုး + ဒေါ်သဇင် (ရွှေတောင်ကြီး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
၇။ ဦးစံရွှေမြင့် + ဒေါ်ဆုဆုလွင် (လင်းလက်စတိုး)

မွေးနေ့ဆုတောင်း

ချစ်သမီးကြီး "မနေခြည်ဦး"၏ (၂၅–၁–၂၀၀၈)ရက်နေ့တွင် ကျရောက်သော(၁၆)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ဘဝတစ်လျှောက်လုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ရည်မှန်းချက်ပန်းတိုင်များကို ခြွင်းချက်မရှိ အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေ . .

ချစ်ဖေဖေ – ဗိုလ်မှူးမျိုးမြင့်စိန်
ချစ်မေမေ – ဒေါ်သန်းသန်းဆွေ
(စိမ်းလဲ့တင် Hotel Resort & ZooGarden)
မောင်လေး – ရဲဝေယံအောင် (ကီးကီး) MIES (Grade II)
ညီမလေး – စိမ်းလဲ့ရတနာ (သဲသဲ)

အခမဲ့ အနားယူပါ

ကျိုက်ထီးရိုး ဘုရားဖူးများအတွက် စိမ်းလဲ့တင် Resort မှာ "အခမဲ့" အနားယူနိုင်ကြပါပြီ။

* တိရစ္ဆာန်ဥယျာဉ်ထဲရှိ တိရစ္ဆာန်အမျိုးပေါင်း (၃၀)ကျော်ကို အစာကျွေးပြီး အနားယူမယ်။ (ဝင်ကြေးမရှိ/အခမဲ့)
* ပျော်စရာတွေပြည့်နေတဲ့ ကလေးဘက်စုံကစားကွင်းမှာ ကလေးများပျော်နိုင်ကြပါပြီ။ (ဝင်ကြေးမရှိ/အခမဲ့)
* ဘုရားဖူးကားကြီး၊ ကားငယ်များအတွက် သီးသန့် (ကားပါကင်၊ သန့်စင်ခန်းများ၊ Coffee Shop, Juice Counter, စားသောက်ဘန်ဂလိုတဲများ)မှာ ကြက်သားကာလသားဟင်းနှင့် ထမင်း "အစား" ၁၅၀ဝိ/–၊ မြန်မာထမင်းနှင့်ဟင်း "အစား" ၁၈၀ဝိ/–တို့ဖြင့် သက်သာသန့်ရှင်း လွတ်လပ်စွာအနားယူနိုင်ကြပါပြီ။
* အဖွဲ့အစည်းများ၊ ကုမ္ပဏီများအတွက် သဘာဝကျောက်တွေနဲ့ ဆောက်လုပ်ထားတဲ့ လူ (၂၀၀)ဆံ့ အအေးခန်း၊ Convention Centre ထဲမှာ (Special Lunch, Dinner, Meeting, Workshop, Weeding, Cultural Show, Disco)ပွဲတွေသီးသန့်လုပ်ရင်း ကကြပျော်ကြလို့ရနေပါပြီ
* ကျိုက်ထီးရိုးဘုရားဖူးမျှော်စင်၊ နိုင်ငံတကာအဆင့်မီ ရေကူးကန်၊ သီးသန့် Karaoke ခန်းများ၊ Beauty Saloon, SPA, ဘိလိယက်စနူကာ ကစားရင်း အပန်းဖြေအနားယူနိုင်ကြပါပြီ။
* ဈေးနှုန်း အသက်သာဆုံးဖြစ်တဲ့ (၂) ယောက်ခန်း ဘန်ဂလို + နံနက်စာ (၁၅၀၀ဝိ/–) ကုန်ကျရုံနဲ့ (၂၄)နာရီ Aircon, Swimming Pool, Hot Water, UBCTV (7) lines, Movies (5), Live ဘောလုံးပွဲတွေကိုကြည့်ရှုခံစားရင်း ကမ္ဘာနဲ့ အဆက်အသွယ်ဖြတ် အပြတ်နားလို့ ရနေကြပါပြီ။

"ဘုရားလည်းဖူး၊ လိပ်ဥလည်းတူးရင်း စိမ်းလဲ့တင်မှာ စိတ်ချမ်းသာစရာ ကောင်းလွန်းလို့ပါ"

စိမ်းလဲ့တင် Resort & Zoo Garden

မိုင်တိုင်အမှတ် (၁၀၄)၊ ရန်ကုန်–မော်လမြိုင်လမ်းမကြီး၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း–၀၁–၃၃၃၅၃၃၃၊ ၃၃၃၈၄၄၄၊ ရန်ကုန်ရုံး ၀၁–၆၅၁၂၆၃၊ ၅၂၁၉၄၂

ကြည့်မြင်တိုင် အထက(၅)

အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အထက(၅)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ကန်တော့ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အငြိမ်းစား ဆရာ၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ကန်တော့ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်စိုးဝင်း ဖုန်း–၀၉၉၉၂၀၈၅၅၊ ဦးကျော်မင်းစိုး ဖုန်း–၀၉၈၀၃၄၆၉၆၊ ဦးမောင်မောင်လွင် ဖုန်း–၅၃၇၃၃၅ နှင့် ကျင်းပရေးကော်မတီတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

သုဓမ္မ မဏိဇောတဓရ ဦးထိန်ဝင်း အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

အဘယာရာမ ပရိယတ္တိစာသင်တိုက်ကြီး၏ ဝေယျာဝစ္စ အကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော အသိဉာဏ်ပေးအလုပ်ပေး သတိပဋ္ဌာန်တရားစခန်းများဖြစ်မြောက်ရေးအဖွဲ့ ရာသက်ပန်ဥက္ကဋ္ဌ **ဦးထိန်ဝင်း** အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် "**သုဓမ္မမဏိဇောတဓရ**" ဘွဲ့တံဆိပ်တော် ချီးမြှင့်ဂုဏ်ပြုအပ်နှင်းခဲ့ခြင်းအတွက် လှိုက်လှဲစွာ ကြည်နူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် မြတ်ဗုဒ္ဓသာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုး ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

အဘယာရာမ ဆရာတော်ကြီးအမှူးပြုသော
အသိဉာဏ်ပေးအလုပ်ပေး သတိပဋ္ဌာန်တရားစခန်းယောဂီများ(သာကေတ)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် **ဦးထိန်ဝင်း(ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့)** အား **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထိုက်ထိုက်တန်တန်ချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာအကျိုး၊ ကျောင်းများ၏အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိဘဆရာအသင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့၊
ကျောင်းအုပ်ကြီးများနှင့် ဆရာ/ဆရာမများ၊
မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၊
အမက(၈)၊ အမက(၃၀) သာကေတ

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းရင် (ရှမ်းမလေးကုန်တိုက်၊ ပေါင်းတည်မြို့) အား "သုဓမ္မသီရိ"ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ မြတ်ဗုဒ္ဓသာသနာတော်အကျိုးများကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ
ဦးသံချောင်း၊ ဦးမြတ်ထွန်း၊ ဦးလှထွန်းအောင်
ဒေါ်အေးမြင့်၊ ဒေါ်စန်းမြင့်၊ ဒေါ်ဘောဘီ
ဒေါ်မာမာအေး

လွှမ်းမိုးသူ (Bag Collection)

Chinese New Year Special
Sales Promotion

တရုတ်နှစ်သစ်ကူး အခါသမယတွင် HLWAN MOE THU Bag Collection မှ(၂၆.၁.၂၀၀၈)ညနေ (၆း၃၀)နာရီတွင် ထုတ်လွှင့်မည့် "အလှူရှာမယ် လှုကမ္ဘာဝယ်" အစီအစဉ်တွင်တင်ဆက်ပြသခဲ့သော လက်ကိုင်အိတ်များကို 10%Discount ဖြင့် လွှမ်းမိုးသူဆိုင်တိုင်းတွင် လက်လီအထူးရောင်းချပေးပါမည်။လက်ကားဝယ်လိုသူများ အတွက်လည်း တိုက်(၁/၆)၊ စံပယ်လမ်းနှင့် ၆လမ်းထောင့်၊ ယုဇနပလာဇာ (အနောက်) "လွှမ်းမိုးကျော်" Classic Bag Whole Sales Center တွင် 10% Discount ဖြင့်ရောင်းချပေးမည့်အကြောင်း လက်ကားဖောက်သည်များအား သတင်းကောင်းပေးအပ်ပါသည်။

New Year Promotion 5% Discount Cupon လက်ဝယ်ကျန်ရှိသူများ (၃၁.၁.၂၀၀၈)ရက်နေ့နောက်ဆုံးထားလာရောက်ဝယ်ယူဖို့ မမေ့ကြနဲ့ဦးနော် . . .

➤ A_2 ဒုတိယထပ်၊ A_{11-12} , G_{12} ပထမထပ် ယုဇနပလာဇာ ၊ မြေနီကုန်း (ဂမုန်းပွင့်)
➤ (၃၅)လမ်း ၊Hledan ၊Junction Zawana ၊ Junction 8 ၊ ရန်ကုန်မြို့။
☎ 203194, 710718

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

(၉)မိုင်၊ Oceanဘေး၊ သီရိကွန်ဒို Penthouse 5000 Sq. ft (၂)ထပ်၊ အိပ်ခန်း(၅)ခန်း၊ Aircon / Ext Ph ပါ၊ ပြင်ဆင်ပြီး၊ ယခင် သိန်း ၁၀၀၀၊ ယခု သိန်း ၈၅၀ (ပရိဘောဂ သိန်း ၄၀ ဖိုး အပါအဝင်) ဆက်သွယ်ရန်–

ဖုန်း– ၀၉၅၀၁၅၅၃၇၊ ၆၈၄၆၀၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်လှမော်[၁၂/ဒဂန(နိုင်)၀၀၀၂၅၃]၏ နိုင်ငံကူးလက်မှတ် အမှတ် (၃၆၁၂၇၉)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။ **ဖုန်း–၃၇၁၁၈၉**

သင့်သွေးဖြင့် အသက်ကယ်ပါ

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

CITY FM(၆)နှစ်ပြည့် အခမ်းအနားတွင် ၂၀၀၇ ခုနှစ်အတွက် မြန်မာသံစဉ် ရောင်းအား အကောင်းဆုံးဆုရ **"မြို့မ နှစ် ၈၀ ခရီး" LIVE 1,2** စီးရီး မူပိုင်ထုတ်လုပ်သော **MYANMAR MUSIC INDUSTRIAL** မှ ဒေါ်ခင်သက်ရီနှင့် သား ကိုသူရထွန်း၊ ကိုဝေထွန်းနှင့် ကိုစိုးနိုင်ထွန်းတို့အား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ရတနာမြိုင်တေးထုတ်လုပ်ရေးနှင့်
ကန်တော်ကြီးပုလဲကျန်းမာရေး(မိသားစု)
ရွှေတောင်ကုန်း

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် **"သုဓမ္မာလင်္ကာရ"**ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် **ဒေါ်ရင်ရင်(မြင်းခြံ–ရွှေပြည်စိုး)**အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။ နိုင်ငံတော်အကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်သား – ဒေါက်တာ တင်မြင့်သိန်း
ချစ်သမီး – ဒေါက်တာမမိုးမြင့်ခိုင်
ချစ်မြေးများ – မနှင်းအေးဝတ်ရည်
မောင်ကောင်းသန့်
(ရွှေပြည်စိုး–မိသားစု၊ တောင်ကြီးမြို့)

၂၀၀၆–၂၀၀၇ ပညာသင်နှစ် အထက(၁)ဒဂုံ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/သူများအား ဖိတ်ကြားအပ်ပါသည်

၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆို အောင်မြင်ကြသော အထက(၁)ဒဂုံ ကျောင်းသား/သူများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ်လ(၂)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အာစရိယပူဇော်ပွဲဖြစ်မြောက်ရန်အတွက် (၂၇–၁–၂၀၀၈) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ဒဂုံသီရိခန်းမ[အထက(၁)ဒဂုံ)]တွင် အစည်းအဝေးပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၀၆–၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား/သူများအားလုံး အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

စုံစမ်းမေးမြန်းလိုပါက–

သတိုးကျော်	**ဖုန်း– (၀၉–၅၁၂၄၄၄၄)**
ထူးအောင်မြင့်	**ဖုန်း– (၀၉–၅၁၄၀၈၁၅)**
ကောင်းမြတ်ထူးကြည်	**ဖုန်း– (၀၉–၅၀၀၁၆၆၉)**
အေးမွန်သူ	**ဖုန်း– (၀၉–၅၁၁၇၉၈၃)**

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၈)ဖြင့် သူငယ်ချင်း **ဦးတင်စိန် [အင်ဂျင်နီယာမှူး(မြို့ပြ) မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန]**အား **စီမံထူးချွန် (တတိယဆင့်)** ချီးမြှင့်ခြင်း ခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာ့မီးရထားအကျိုး၊ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသိန်းအောင်၊ ဦးသိန်းဦး၊ ဦးဝင်းဇော်အောင်

ဆရာကန်တော့ပွဲနှင့် သူငယ်ချင်းများမိသားစု မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း (၁၉၆၈–ခုနှစ်၊ BVS batch)

မိသားစုမိတ်ဆုံညစာစားပွဲကို (၄–၂–၂၀၀၈)နေ့ ညနေ (၅း၃၀) နာရီ ရွှေရှမ်းကန်–၂ (Boat Club)မှာ ပြုလုပ်မှာဖြစ်လို့ ၁၉၆၈ခုနှစ်မှာ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် (မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)သို့ ဝင်ရောက်ခဲ့ပြီး မည်သည့်နှစ်တွင် ကျောင်းပြီးသည်ဖြစ်စေ သူငယ်ချင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာပူဇော်ကန်တော့ပွဲ– ၅–၂–၂၀၀၈နေ့ (နံနက်၇နာရီ)
ဆက်သွယ်ရန်– Dr. စက်ရှင် ဖုန်း–၀၉၂၀၀၀၄၅၇၊
Dr. တင်မောင်မြင့် ဖုန်း–၀၉၅ ၀၃၄၃၅၃၊
Dr.ခင်မောင်ဝင်း ဖုန်း–၀၉၅၂၀၂၈၀၄၊ Dr.ဝါဝါဟန် ဖုန်း–၀၉၅၁၂၃၇၁၆၊
Dr. မျိုးအောင်လွင် ဖုန်း–၀၁၆၄၁၇၅၂၊ Dr. ခင်လှိုင် ဖုန်း–၀၉၅၁၉၀၉၄၈

နှစ်(၄၀)ပြည့်ပတ္တမြားရတုလက်ထပ်မင်္ဂလာ (၆၆)နှစ်ပြည့်မွေးနေ့မင်္ဂလာဆုမွန်လွှာ

(၂၅-၁-၂၀၀၈)

Captain အေးမောင်+ဒေါ်သဇင်ကျော်ထွန်း

(၂၅-၁-၂၀၀၈) နေ့တွင် အတူတကွကျရောက်သော အချစ်ဆုံးပါပါ နှင့် အချစ်ဆုံးမာမီတို့၏ "နှစ်(၄၀)ပြည့်ပတ္တမြားရတုလက်ထပ်မင်္ဂလာ" နှင့် ပါပါရဲ့ "(၆၆)နှစ်ပြည့်မွေးနေ့မင်္ဂလာ" ရက်မြတ်မှသည် သက်ဆုံးတိုင် သာယာချမ်းမြေ့မှုအပေါင်း ခညောင်းပြီး၊ လောကီ၊ လောကုတ္တရာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ ဆုမွန်ခြွေလျက် -

သားကြီး - Captain နေလင်းအေးမောင်
MASTER MARINER (FG) - MNI (Lond)
GEWIN MARITIME CO., TOKYO (JAPAN)

သားလေး - ကိုခိုင်ဇော်အေးမောင်
CHIEF MATE (FG) BSc (Maths:) Dip Bldg Tech (YTU)
A . P . MOLLER / MAERSK LINE (SINGAPORE)
၆၈/စီ၊ အင်းလျားလမ်း၊ ရန်ကုန်။

ချစ်မြေးလေး"ယွန်းဝတီမျိုး"အတွက် မွေးနေ့ဆုမွန်လွှာ

ဖြူစင်ရှင်းသန့် / နှင်းပွင့်နှင့်အတူ
သန့်စင်မွေးဖွား / ချစ်မြေးလေး"ယွန်းဝတီမျိုး"သည်
ကောင်းမြတ်သာလွန် / ပညာချွန်လျက်
လှသောစိတ်ထား / မြတ်သောနှလုံးသားဖြင့်
အမှားအမှန် / ဝေဖန်တတ်သိ
ဆင်ခြင်တတ်၍ / မိမိရှေ့ရေးလမ်းမှန်ရွေးကာ
မွေးပျံ့သင်းသော / ဂုဏ်ရနံ့ဖြင့်
စံပယ်ဖြူလေးလို / လှပကြော့ရှင်း
ဘဝလမ်းခရီးဝယ် / ထာဝရထင်ပေါ်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းသည်...

ချစ်သော–
ဘိုးဘိုး ဦးမျိုးထွန်း – ဘွားဘွား ဒေါ်ကြူကြူ
ဘိုးဘိုး ဦးထွန်းသိန်း – ဘွားဘွား ဒေါ်မြင့်မြင့်သန်း
ဦးဦး Dr. ခင်ဇော် – ဒေါ်ဒေါ် Dr. ခင်ပပမျိုး

မွေးနေ့ဆုမွန်

ချစ်သမီးလေး **ဖူးပွင့်သီရိခိုင်(ဖူးဖူး)** Total Kids School (Pearl Condo)၏ ဇန်နဝါရီလ (၂၅)ရက်နေ့တွင် ကျရောက်သော (၄)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ဖေဖေ၊ မေမေနှင့်အတူ ပျော်ရွှင်၊ သာယာချမ်းမြေ့သော ဘဝကို ပိုင်ဆိုင်ပြီး တတ်သိလိမ္မာ နာခံတတ်သည့် အမျိုးကောင်းသမီးလေးအဖြစ် အောင်မြင်မှုပေါင်းများစွာရရှိနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ဘိုးဘိုး ဦးမြင့်လှိုင် – ဘွားဘွား ဒေါ်တင်တင်အေး
ဖေကြီး ဦးညွှန့်မောင် – မေကြီး ဒေါ်ယဉ်ယဉ်ရွှေ
ဖေဖေ ဦးဇော်ဝင်းလှိုင် – မေမေ ဒေါ်မြတ်မြတ်ထွေး
(လ/ထ ကထိက၊ပထဝီဝင်ဌာန၊ဒဂုံတက္ကသိုလ်)

ချစ်သောသမီးရတနာလေး"ယွန်းဝတီမျိုး"အတွက် မွေးနေ့ဆုမွန်လွှာ

လှပဖြူစင် / အပြစ်ကင်း၍
နူးညံ့နှလုံးသား / မြတ်သောစိတ်ဖြင့်
(၂)နှစ်မြောက်သော / မွေးနေ့ရက်မြတ်၌
လေးဆူဓာတ်ပုံ / ရွှေတိဂုံတွင်
(၉၉၉)သော / ဆီမီးများအား
လှူဒါန်းပူဇော်ခဲ့သော / ကုသိုလ်ထူးကြောင့်
ချစ်သမီးလေး / "ယွန်းဝတီမျိုး"သည်
ထက်၍တော်သော / ဉာဏ်ပညာဖြင့်
ဘဝခရီးဝယ် / ဂုဏ်သတင်း
ကျော်စော၍ / လင်းလက်သော
ကြယ်ပွင့်လေးဖြစ်ပါစေ...

ချစ်ဖေဖေ – ဦးကျော်ဇေယျာမျိုး (Managing Director)
Myo Thet San Trading Co., Ltd.
ချစ်မေမေ – ဒေါ်သူဇာမြင့်ထွန်း

နွေရာသီ အင်္ဂလိပ်စာ သင်တန်းများ

ဇန်နဝါရီ ၂၀၀၈ / ၂၀%
ဖေဖော်ဝါရီ ၂၀၀၈ / ၁၀%

Olympic Tower
BoAungKyaw St
256602,392617

Children are our future. Teach them well.

MIEC
EducareCentre

ချစ်သော မကြီး

ဒေါ်သန်းသန်းဝင်း
Deputy General Manager (Hotel Mandalay)

၂၅–၁–၂၀၀၈ တွင် ကျရောက်သော (၅၆)နှစ်ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာထိ ကာယစိတ္တ သုခနှစ်ဖြာ ပြည့်စုံချမ်းသာပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာနေနိုင်ပါစေ–

ချစ်ညီမငယ် – ကိုအောင်တင်မြင့်–မစန်းစန်းယု(ခ)မီးငယ်
ဆုထက်အောင်

ချစ်တူမလေး"ယွန်းဝတီမျိုး"အတွက် မွေးနေ့ဆုတောင်း

လေးဆူဓာတ်ပုံ ရွှေတိဂုံတွင် (၉၉၉)သော ဆီမီးများအား ပူဇော်ခဲ့သော ချစ်တူမလေး"ယွန်းဝတီမျိုး"၏ (၂၅–၁–၂၀၀၈)တွင် ကျရောက်သော (၂)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပြီး လင်း၍ထက်သော ဉာဏ်ပညာဖြင့် တော်၍ မြတ်သော သမီးကောင်းရတနာလေးဖြစ်ပြီး သာယာချမ်းမြေ့သော ဘဝလမ်းခရီးအား မိသားစုနှင့်အတူ ထာဝရ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ...

MYO THET SAN Trading Co., Ltd. မှ
Director– ဦးဦးချစ်မင်းစံ၊ Managers– ဦးဦးနောင်နောင်ကျော်၊ ဦးဦးစည်သူရစိုး၊ ကုမ္ပဏီဝန်ထမ်းမိသားစုများ၊
မအိအိချို၊ မဝင့်ဝါမောင်၊ တင်ကိုလွင်၊ စောလှကွန်း၊ ကိုဗိုလ်တင့်

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)ဒဂုံ (ယခင်) မက်သဒစ်အင်္ဂလိပ် ဟိုက်စကူး (MEHS) ကျောင်းတွင် ၁၉၅၄မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားဟောင်းများက ကျေးဇူးရှင် ဆရာကြီး၊ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂ရက် (စနေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ဂါရဝပြုပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ ကျောင်းသူ၊ကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်မောင် ဖုန်း– ၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း– ၀၉–၅၀၀၈၇၅၀၊ ဦးစိုးညီညီ ဖုန်း– ၀၉–၅၀၁၉၆၄၃၊ ဦးထူးအောင်ကြီး ဖုန်း–၀၉–၅၁–၂၁၈၂၈၊ ဒေါ်ခင်သန်းမူ ဖုန်း–၅၄၁၈၅၄၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း–၀၉–၉၉၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း–၅၅၄၀၃၉၊ ဒေါ်တင်လှမြင့် (အထက–၁၊ဒဂုံ)၊ ဒေါ်ရီးစလင်းလှ ဖုန်း– ၅၆၆၆၅၂၊ ဒေါ်ဝေမာဝင်း ဖုန်း– ၀၉–၈၀၃၂၂၂၁၊ ဒေါ်စန်းစန်း ဖုန်း– ၀၉–၅၀၁၇၁၉၆တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က–ပ)

ကုံကော်ဝတ်ရည်မှ စာအုပ်ကောင်းများ

သန်းခေါင်ထက်ညဉ့်နက်	ဇင်းဒါးအကျဉ်းသား
မောင်မြင့်ကြွယ်	**မန်းတာင်**
Memories of Midnight by SIDNEY SHELDON	THE PRISONER OF ZENDA by SIR ANTHONY HOPE HAWKINS

ထွက်ပြီ

ကုံကော်ဝတ်ရည်စာပေ- (၅၁)ရေကျော်လမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၃၉၆၅၈၀

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့် ဒေသများ အလျင်အမြန် တိုးတက်လာအောင် အလေးထားဆောင်ရွက်ခဲ့ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ သိသိသာသာဖွံ့ဖြိုးလာ

နိုင်ငံတော်က ဒေသအားလုံး ဖွံ့ဖြိုးအောင်လုပ်ဆောင်နိုင်ခြင်း၏ အကြောင်းတရားမှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများကြောင့်ဖြစ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး (၁၀၀)ကျော်တို့ ရှေးနှစ်ပေါင်းများစွာကတည်းက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်လာကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်။

ကျေးရွာတစ်ရွာ၊ မြို့တစ်မြို့၊ ပြည်နယ်နှင့်တိုင်း တစ်ခုအတွင်းမှာပင် တိုင်းရင်းသားတို့ အစဉ်အဆက် စုပေါင်းနေထိုင်လာခဲ့ကြ။

နိုင်ငံတော်အစိုးရကိုယ်စား ဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသနေပြည်သူများအတွင်း စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေစေရန်အတွက် ဆောင်ရွက်ပေး။

တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပူတာအိုခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးက ပူတာအိုခရိုင်ဖွဲ့စည်းမှု၊ မိုးစပါးနှင့် နွေစပါး စိုက်ပျိုးထွက်ရှိမှု၊ အဓိကသီးနှံ ၁၀ မျိုးတွင် ဝါမှအပ အခြားသီးနှံ ကိုးမျိုး စိုက်ပျိုးထွက်ရှိမှု၊ လုပ်မြေနှင့် မြေရိုင်းဖော်ထုတ်မှု၊ ဒေသဝမ်းစာဆန်နှင့် စားသုံးဆီဖူလုံမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ နယ်မြေတာဝန်ခံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သည့် အဖွဲ့သည် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုပြီး ဆက်လက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည်များကို ပံ့ပိုးပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *